ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်

# ဒို့ကျေးရွာ ဂျာနယ်

အတွဲ - ၂၂၊ အမှတ် - ၂၀၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့။

Our Village Journal

## နေကြာအပါအဝင် ဆီထွက်သီးနှံ ဧက ကိုးသန်းကျော် စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်နေ

စာ - ၃ သို့



## ကချင်တိုင်းရင်းသားရိုးရာဝတ်စုံများ နိုင်ငံတကာတွင် ပြသရန်စီစဉ်

ကချင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာဝတ်စုံများကို ဖော်ထုတ်ကာ နိုင်ငံတကာပွဲများတွင် ပြသရန်စီစဉ်နေကြောင်း မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အတွင်းရေးမှူး ဦးသန်းထွန်းစိုးက ဒို့ကျေးရွာသို့ ပြောသည်။ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးခွဲကို လက်ရှိတွင် မန္တလေးမြို့တစ်ခုတွင်သာ ဖွင့်လှစ်ထားပြီး ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တို့တွင် ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ စာ - ၇ သို့


ဓာတ်ပုံ- ဖော်ဖော်ဝေ

## ဈေးကွက်လိုအပ်ချက် ပိုများသည့် Robusta ကော်ဖီ စိုက်ပျိုးရန် စိတ်ဝင်စားသူများပြား

စာ - ၆ သို့



## ငါးနှစ်အတွင်း ဒီရေတော ဖုံးလွှမ်းမှု ဧရိယာ ဧက ၁ ဒသမ ၂ သိန်းခန့် တိုးတက်လာ

စာ - ၁၀ သို့



## ကမ္ဘာတစ်ဝန်းအလေးထားလျက်ရှိသည့် စားနပ်ရိက္ခာဖူလုံရေး

စာ - ၅ သို့

ပွင့်လင်းရာသီအတွက် စက်သုံးဆီများ ကြိုလှောင်ထား စာ - ၃ သို့

ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံနှင့် ဆွေးနွေးခဲ့ရာမှ နိုင်ငံအတွက် ရလဒ်ကောင်းရရှိခဲ့ စာ - ၄ သို့

အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ မွေးမြူရေးကဏ္ဍ ထိပ်တန်းနိုင်ငံဖြစ်လာ စာ - ၁၃ သို့

မဲစာရင်းများကို သက်ဆိုင်ရာကော်မရှင်ရုံးခွဲများတွင် ကြည့်ရှုပြီး ပြင်ဆင်လွှာများ တင်သွင်းနိုင် စာ - ၉ သို့

တရုတ်သို့ ရေထွက်သတ္တဝါ အရှင်များ တိုက်ရိုက်တင်ပို့နိုင်ရန် လုပ်ငန်းရှင်များ မျှော်လင့် စာ - ၆ သို့

လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် အဏုမြူစွမ်းအင်အသုံးပြုနိုင်ရန် လုံခြုံသည့်နေရာများကို ရွေးချယ်သွားမည် စာ - ၁၀ သို့






## ဆစ်ပိုးအန္တရာယ် ကြိုတင်ကာကွယ်

**စပါးဆစ်ပိုး** ကျရောက်မှုကို မြန်မာပြည် စပါးစိုက်ပျိုးရာဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်ပြီး မိုးစပါးနှင့် နွေစပါး နှစ်မျိုးစလုံးမှာ ကျရောက်လေ့ရှိပါတယ်။ အမြဲမပြတ်ရေလျှံလေ့ရှိတဲ့ ရေနေပတ်ဝန်းကျင်များမှာ တွေ့ရှိနိုင်တာကြောင့် မိုးစပါးတွင် ဖျက်ဆီးမှုများသည့် ဖျက်ပိုးတစ်မျိုးလည်းဖြစ်ပါတယ်။ စပါးပြီးစပါး ဆက်တိုက် စိုက်ပျိုးသောဒေသများမှာ ဖျက်ပိုးကျရောက်မှု ပိုများတတ်ပြီး လက်ခံသီးနှံပင် အမြဲမပြတ်ရှိခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ တစ်နှစ်လျှင် မျိုးဆက် နှစ်ဆက်မှ ခြောက်ဆက်အထိ ပွားများနိုင်ပါတယ်။

### *ကျရောက်သည့်အချိန်*

ပျိုးပင်ငယ်အဆင့်မှ ရင့်မှည့်ချိန်အထိ စပါးပင်သက်တမ်းတစ်လျှောက်တွင် ကျရောက်နိုင်ပါတယ်။

### *ဖျက်ဆီးပုံလက္ခဏာများ*

ပင်ပိုင်းကြီးထွားသည့်အဆင့်တွင် ကျရောက်ပါက လောက်ကောင်သည် ပင်စည်အတွင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် စပါးပင်အလယ်ရှိ ခေါင်ညွှန့်များ ဝါခြောက်လာပြီး သေသွားသည့် အူပုပ်လက္ခဏာ (Dead heart) ကို တွေ့ရမှာဖြစ်ပါတယ်။ ပင်ခြေတွင်လည်း စားသောက်ဖျက်ဆီးထားသော ပိုးဖောက်ဒဏ်ရာများရှိပြီး ပင်စည်ကို ခွဲကြည့်ပါက ပိုးမစင်နှင့် လောက်ကောင်များကို တွေ့နိုင်ပါတယ်။ အပင်ကို ဆွဲနုတ်ကြည့်ပါကလည်း အရင်းကနေ အလွယ်တကူ နုတ်ယူလို့ရမှာဖြစ်ပါတယ်။ အနှံထွက်သည့်အဆင့်တွင် ကျရောက်ပါက စပါးနှံများခြောက်ကုန်ပြီး အနှံဖြူများ ထောင်မတ်နေသော အနှံဖြူလက္ခဏာ (White ear-head) ကို တွေ့ရမှာဖြစ်ပါတယ်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

- စပါးဆစ်ပိုးကျရောက်မှုဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းအတွင်း ပိုးကျရောက်မှုရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးပြီး ဆစ်ပိုးဥမြုံများ တွေ့ရှိပါက လက်ဖြင့် ကောက်ယူဖျက်ဆီးပစ်ပါ။
- ကောက်ကွက်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ဖလံများကို စွဲဆောင်ဖမ်းယူရန်အတွက် မီးထောင်ချောက်ထွန်းပါ။
- နိုက်ထရိုဂျင်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကိုရှောင်ပါ။
- ရွှေ့ပြောင်းစိုက်ပျိုးပြီး (၂၈) ရက်သားမှ စတင်၍ စိုက်ခင်းအတွင်း ဥကပ်ပါးနဂျီ (Trichogramma) လွှတ်ပေးပါ။
- ဓာတုပိုးသတ်ဆေးအနေဖြင့် Carbosulfan 20% EC ပါဝင်သော အမ်-ကာဘိုကို အညွှန်းပါအတိုင်း စနစ်တကျပက်ဖျန်းပေးပါ။




## အမ်-ကာဘို (Carbosulfan 20%EC)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေး**

**အသုံးပြုရန်နှုန်းထား**

စပါး- တစ်ဧကလျှင် (၂၀၀-၃၀၀)စီစီနှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ သုံးကြိမ်
- ဆေးဖျန်းခြားရက် (၁၄)ရက်
- ဆေးဖျန်းပြီး ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ
- တစ်ဧကလျှင် ရေ(၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ပွင့်လင်းရာသီအတွက် စက်သုံးဆီများ ကြိုလှောင်ထား



ပွင့်လင်းရာသီအတွက် စက်သုံးဆီများ ကြိုလှောင်ထားကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းထံ ဒို့ကျေးရွာဂျာနယ်မှ ဆက်သွယ်မေးမြန်းထားချက်များအရ သိသည်။

မိုးတွင်း၌ စက်သုံးဆီသုံးစွဲမှု နည်းပါးသော်လည်း ပွင့်လင်းရာသီတွင် စက်သုံးဆီသုံးစွဲမှု များလာမည်ဖြစ်သည့်အတွက် သိုလှောင်ကန်များတွင် တန်ချိန် ရှစ်သိန်းနီးပါး အဆင်သင့် သိုလှောင်ထားကြောင်း သိရသည်။

“ကိုးလပိုင်းကုန်ရင် ပွင့်လင်းရာသီရောက်ပြီပေါ့။ အဲဒီအခါကျရင် စက်သုံးဆီသုံးစွဲမှုက များလာမှာ။ အဲဒီအတွက်ကို စက်သုံးဆီက သိုလှောင်ကန်တွေထဲမှာတော့ အပြည့်နီးပါး အဆင်သင့် လုပ်ထားပါတယ်။ ဆီမပြတ်လပ်အောင်ဆိုပြီးတော့။ ပြည်သူလူထု စိုးရိမ်မှုမဖြစ်အောင်ပေါ့။ နှစ်လစာလောက် အကြမ်းဖျင်းရှိနေတယ်လို့ပဲ ပြောလို့ရမှာပေါ့နော်။ တန်ချိန် ရှစ်သိန်းနီးပါးရှိတယ်။ ခြောက်သိန်းနဲ့ ရှစ်သိန်းကြားထဲမှာပေါ့နော်။ ဒီနှစ်တော့ စက်သုံးဆီပြတ်လပ်မှုမျိုး မဖြစ်နိုင်ဘူးလို့ ခန့်မှန်းထားတယ်” ဟု မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း၏ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ဇဟိုဘဏ်အနေဖြင့်လည်း စက်သုံးဆီလုပ်ငန်းရှင်များအတွက် ဒေါ်လာထုတ်ရောင်းပေးမှုများရှိပြီး စက်သုံးဆီတင်သွင်းမှု၏ (၃၅)ရာခိုင်နှုန်းကိုရောင်းချပေးကြောင်း သိရသည်။

ထို့ကြောင့် လာမည့်ပွင့်လင်းရာသီတွင် ယခင်နှစ်ကဲ့သို့ စက်သုံးဆီ မလုံလောက်မှု ဖြစ်ပေါ်နိုင်မည် မဟုတ်ကြောင်းနှင့် ယခင်နှစ်ကဲ့သို့ တရားမဝင်ရောင်းချမှုများကြောင့် စက်သုံးဆီ မလုံလောက်မှုများ မဖြစ်ပေါ်စေရန် စိစစ်ဆောင်ရွက်နေကြောင်းလည်း သိရသည်။

*ရွှေစင်*

# လူငယ်များအကြား HIV ရောဂါ တွေ့ရှိမှု မြင့်တက်လာသောကြောင့် သတိထားရန် အကြံပြု

လူငယ်များအကြား HIV နှင့် ကာလသားရောဂါ တွေ့ရှိမှုမြင့်တက်လာသောကြောင့် လူငယ်များအနေဖြင့် သတိထားရန် အကြံပြုလိုကြောင်း ခတ်ခွဲခန်း ကျွမ်းကျင်သူတစ်ဦးက ဒို့ကျေးရွာဂျာနယ်ကတစ်ဆင့် ပြောကြားသည်။

အသက် ၁၈ နှစ်မှ အသက် ၃၀ နှစ်ကြား လူငယ်များ ဖြစ်နေသည်ကို တွေ့ရကြောင်း ၎င်းက ဆိုသည်။ “ဆရာဝန်လေးတွေ၊ အင်ဂျင်နီယာလေးတွေက အစ ပါနေတာ။ လုံးဝမထင်ရက်စရာလေးတွေ။ အားလုံးက ငယ်ငယ်ချောချော သန့်သန့်လေးတွေ။ အရမ်းနှမြောဖို့ကောင်းတယ်။ နိုင်ငံရဲ့ အဖိုးတန် လူငယ်တွေမှာ အခုလိုမြင်ရတာ အရမ်းရင်နာဖို့ကောင်းတယ်” ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ပိုးတွေ့သူများအနက် အချို့မှာ TB ရောဂါ လာရောက်စစ်ဆေးရာမှ တစ်ဆင့် HIV ပိုးရှိမှန်း သိသူများလည်း ရှိနေကြောင်း ၎င်းကပြောသည်။

“TB ရောဂါပိုးစစ်မယ်ဆိုရင် HIV ရှိ/မရှိကို အရင်စစ်ရတယ်။ ဒီလိုစစ်တဲ့အခါမှာလည်း ပိုးတွေ့ကြတာတွေ ရှိတယ်။ နောက်ပြီး တချို့ဆိုရင် ဆစ်ဖလစ်ရောဂါလက္ခဏာတွေဖြစ်လို့ လာပြကြတာတွေ ရှိတယ်။ သိပ်ကြောက်ဖို့ကောင်းတယ်။ တစ်ခါတည်းပါဆိုပြီး စမ်းလိုက်ရင်းကနေ ဖြစ်သွားတာဆိုပြီး ပြောကြတယ်။ ဒါမျိုးတွေက စမ်းသင့်တဲ့ အရာမဟုတ်ဘူး။ အရမ်းကြောက်ဖို့ ကောင်းတဲ့အရာ”ဟု အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။ လက်ရှိတွင် HIV ပိုးတွေ့လူနာများကို ART ဆေးများ အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းများကိုလည်း ပြုလုပ်နေသည်။

*ထက်ဦးမောင်*

# ပေါင်နှံထားပြီး ပစ္စည်းကို အပေါင်ထပ်မံပေး၍ MSME ချေးငွေလျှောက်ထားခြင်းများရှိနေ

အခြားနေရာတွင် ပေါင်နှံထားပြီးသားများကို အပေါင်ပစ္စည်းအဖြစ် ထပ်မံပေးကာ MSME ချေးငွေလျှောက်ထားမှုများရှိနေကြောင်း MSME ချေးငွေများနှင့်ပတ်သက်၍ သိရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

နိုင်ငံတော်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအတွက် MSME ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ အဆိုပါ MSME ချေးငွေများကို ပုဂ္ဂလိကဘဏ် (၁၈) ဘဏ်မှ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုသို့ စိစစ်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ MSME ချေးငွေများ ရယူရန်လိုအပ်ကြောင်းလည်း သိရသည်။

“MSME Member Card နဲ့ MSME လုပ်ငန်းရှင်တစ်ယောက်ဖြစ်တယ်ဆိုရင် လျှောက်လို့ရတယ်။ အပေါင်ပစ္စည်းတွေ တင်ပေးရတာပေါ့။ သူ့ရဲ့အပေါင်ပစ္စည်းက ဘာဖြစ်တယ်။ သူ့ရဲ့ စီးပွားရေးလုပ်ငန်းက ဘာဖြစ်တယ်။ သူဘယ်လောက်ယူမလဲ ။ ဒါနဲ့ပတ်သက်ပြီးတော့ အာမခံ ဘာတင်ပေးမလဲပေါ့။ အာမခံတန်ဖိုးက ဘယ်လောက်ရှိပါတယ်ပေါ့။ လုပ်ငန်းရှင်တစ်ယောက်ကို (၁၀၊ ၅၀၊ ၁၀၀) ပေါ့။ (၁၀) ဆိုတာက မိုက်ခရိုလေးတွေပေါ့။ (၁၀)သန်းကနေ ပေးတယ်။ အသေးစားက (၁၀)၊ အငယ်စားက (၅၀)ပေါ့။ အလတ်စားက (၁၀၀) ပေါ့။ သိန်း (၁၀၀၊ ၅၀၀၊ ၁၀၀၀)ပေါ့။ MSME ချေးငွေပေးနေတယ်ဆိုတာ (၂၀၁၄-၂၀၁၅)လောက်ကတည်းက ပေးခဲ့ကြတာ။ ပေးတဲ့အပေါ်မှာ နိုင်ငံတော်ဘက်က ပေးတာ၊ ဘဏ်တွေက ပေးတာတွေ ရှိတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေကနေပေးတာရှိတယ်။ အစုနိုင်ငံတော်ဘက်က ရန်ပုံငွေထောင်ပြီး ပေးတာရှိတယ်။ ပေးထားတာတွေကတော့ အများကြီးပဲ” ဟု MSME ချေးငွေများနှင့် ပတ်သက်၍ သိရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ထို့ပြင် MSME ချေးငွေ ထုတ်ယူရန် လုပ်ငန်းရှင်အများအပြား လျှောက်ထားကြသော်လည်း ချေးငွေလျှောက်ထားသူများ၏ (၅၀)ရာခိုင်နှုန်းကျော်သည် အပေါင်ပစ္စည်းများပေးရာတွင် သတ်မှတ်ချက်များနှင့် မကိုက်ညီမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

“အပေါင်ပစ္စည်းပေးနိုင်ခြင်း မပေးနိုင်ခြင်းမှာ အခက်အခဲဖြစ်ကြတယ်။ အပေါင်ပစ္စည်း ပေးပြန်သော်လည်း အပေါင်ပစ္စည်းက တခြားမှာ ပေါင်ပြီးသားတွေဖြစ်နေတယ်။ နောက်တစ်ခါ ပေးတဲ့ အပေါင်ပစ္စည်းတန်ဖိုးနဲ့ သူလိုချင်တာနဲ့ မကိုက်ညီတာရှိတယ်။ အဲဒီလိုသဘောလေးတွေနဲ့ တချို့နေရာမှာ ချေးငွေ အခက်အခဲဖြစ်နေကြတာရှိတာပေါ့။ တချို့က အပေါင်မပေးနိုင်ရင် အာမခံစနစ်နဲ့ ဘယ်လိုပေးမယ်ဆိုပြီး ရှိတယ်လေ။ အာမခံစနစ်နဲ့ သွားပြန်တော့လည်း အာမခံစနစ်နဲ့ ပိုက်ဆံပေးရတာရှိတာပေါ့လေ။ အဲဒီခါကျတော့လည်း အတိုးနှုန်းလေးတွေနဲ့ စကားပြောရတာရှိတယ်။ တချို့ကျ အာမခံနဲ့သွားတာကို ကြိုက်တာရှိသလို မကြိုက်တာလည်း ရှိတယ်။ အဲဒီအပေါ်မှာပဲ လျှောက်တဲ့လူတွေက ရခြင်း၊ မရခြင်းဆိုပြီး မျိုးစုံကွဲလွဲသွားတာပေါ့” ဟု ၎င်းကဆက်လက်ပြောသည်။

လက်ရှိတွင် MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ (၁၇၀) အနက် ဘီလီယံ (၁၅၀)ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ (၂၀) ကို MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ *ရွှေစင်*

# နေကြာအပါအဝင် ဆီထွက်သီးနှံ ကေ ကိုးသန်းကျော် စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်နေ

မြန်မာပြည်တစ်ဝန်း၌ နေကြာအပါအဝင် ဆီထွက်သီးနှံများကို ကေ (၉)သန်းကျော် စိုက်ပျိုးရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ပြည်တွင်းရှိ လူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် တစ်ဦးကို တစ်လလျှင် ဆီ (၅၀)ကျပ်သား၊ တစ်နှစ်လျှင် ခြောက်ပိဿာနှုန်းဖြင့် တွက်ကြည့်ပါက ဆီ တန်ချိန် (၅) သိန်း လိုအပ်မည်ဖြစ်၍ ပြည်တွင်း၌ ဆီစားသုံးမှုဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း နိုင်ငံတော်မှ ညွှန်ကြားထားချက်များလည်း ရှိခဲ့သည်။ လက်ရှိ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်း စသည့် ဆီထွက်သီးနှံတို့ကို ကေပေါင်း (၉၀၁၁၈၇၀) ကေ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

“မြေပဲ၊ နေကြာအပါအဝင် အခုနှစ်မှာ မိုးနှမ်း (၂၇၃၂၂၂၇) ကေ၊ ဆောင်းနှမ်း (၉၇၁၂၁၈) ကေ၊ နွေနှမ်း (၂၈၄၈၁၅) ကေ၊ နှမ်း စုစုပေါင်း (၃၉၈၈၂၆၀) ကေ၊ မုန်ညင်း (၉၀၉၁၉) ကေ၊ ပန်းနှမ်း (၃၃၁၆၂၅)ကေ စိုက်ပျိုးရန် လျာထားပါတယ်။ လက်ရှိအချိန်အထိ မိုးဆီထွက်သီးနှံများ စိုက်ပျိုးပြီးဖြစ်ပါတယ်” ဟု အထက်ပါတာဝန်ရှိသူက ရှင်းပြသည်။

ထို့ကြောင့် မိုးနှမ်း (၂၇၅၀၇၅၉) ကေ၊ မိုးနေကြာ (၁၁၇၅၆၈) ကေနှင့် မိုးမြေပဲအပါဝင် ဆီထွက်သီးနှံ စုစုပေါင်း (၄၄၅၄၄၁၄) ကေ စိုက်ပျိုးပြီးဖြစ်ကာ ကျန်ရှိ မိုးဆီထွက်သီးနှံများကို စက်တင်ဘာလကုန်အထိ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ဌာနအနေဖြင့်လည်း တောင်သူများကို နည်းပညာပံ့ပိုးမှုပေးခြင်းအပြင် သွင်းအားစုများအတွက် ကုန်ကျစရိတ်ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ် အရင်းမပျောက် မတည်ငွေအဖြစ် မြေပဲတစ်ကေလျှင် ကျပ် လေးသိန်း၊ နှမ်းတစ်ကေလျှင် ကျပ် နှစ်သိန်းစသည်ဖြင့် ယင်းကဲ့သို့ ညီမျှသည့် သွင်းအားစုများကို ပံ့ပိုးလျက်ရှိကြောင်း ၎င်းက ဆိုသည်။ “ဒီသွင်းအားစု စရိတ်တွေကို တောင်သူတွေက သီးနှံနဲ့ ပြန်လည်ပေးဆပ်ရတာ ဖြစ်ပါတယ်။ ဒါ့ပြင် ဆီစက်လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု ၎င်းက ပြောသည်။

အလားတူပြီးခဲ့သည့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်၏ မြေပဲ စုစုပေါင်း (၃၂၆၇၅၃၇) ကေ၊ မုန်ညင်း (၈၂၅၄၉) ကေ၊ ပန်းနှမ်း (၂၉၉၀၅၆) ကေ အပါဝင် ဆီထွက်သီးနှံ စုစုပေါင်း (၈၇၆၅၉၁၄) ကေ စိုက်ပျိုးခဲ့ပြီး မြေပဲစုစုပေါင်း (၁၈၅၆၄၉၃၀၉) တင်း၊ မုန်ညင်းစုစုပေါင်း (၁၃၅၈၉၄၅) တင်း၊ ပန်းနှမ်းစုစုပေါင်း (၃၂၀၂၀၉၄) တင်းအပါဝင် ဆီထွက်သီးနှံစုစုပေါင်း (၂၅၃၇၄၈၉၈၄) တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

*ဒေစီမေ*

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မြင့်မားရေး အားသွန်ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်မှသာလျှင် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးတွင် အခြေခံအကျဆုံးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် သီးနှံအလိုက် တစ်ဧက ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး တွန်းအားပေးဆောင်ရွက်ခဲ့သလို မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း နိုင်ငံတော်က အားပေးဆောင်ရွက်ခဲ့သည်။

လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးတို့အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင်လည်း "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ချမှတ်၍ အကောင်အထည်ဖော် ဆောက်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်း၌ ထုတ်ကုန်များလုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းဖြစ် စားသောက်ကုန်များအား ဒေသအသီးသီး၌ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေ ရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်ကုန်ထုတ်လုပ်ငန်းများနှင့် ရာသီမရွေးသွားလာနိုင်သည့် လမ်းများရရှိရေးအတွက် တစ်နိုင်ငံလုံးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးနှင့် MSME လုပ်ငန်းများ အားပေးမြှင့်တင်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲကလည်း "စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုကြောင်း" အမြဲတိုက်တွန်းလမ်းညွှန်မှာကြားခဲ့သည်။ ထို့ကြောင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို တာဝန်ရှိသူအားလုံး၊ သက်ဆိုင်သူအားလုံးက ကျရာကဏ္ဍများအလိုက် အားသွန်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

**၁၃၈၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့။** **စာတည်းမှူး**

ဂျာနယ်

**ထုတ်ဝေသူ**
ဦးကျော်ဇင်စိုး
မှတ်ပုံတင်အမှတ်(၀၀၈၁၅)

**ပုံနှိပ်ခြင်း**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

**စာတည်းမှူး**
အောင်ဇော်ဦး

**စာတည်းများ**
စန္ဒာချစ်၊ စန္ဒာငွေ၊ ခင်မာဝေ
ကျော်တင့်(ရွှေခရမ်း)၊
ကိုဘုန်း

**လိုဂိုစာလုံးဒီဇိုင်း**
ပန်းချီတင်ထွဏ်း

**မျက်နှာဖုံးဒီဇိုင်း**
ခိုင်သဇင်

**အတွင်းသရုပ်ဖော်**
လှထွဋ်ဦး၊
ကျိုက်လတ်ဘသဏ်း၊
ရွှေကိုဦး၊ စိုးစံ

**ကွန်ပျူတာအဖွဲ့**
ဝေဝေဖြိုးအောင်၊ ခိုင်သဇင်

**ဆက်သွယ်ရန်**
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁၈-၃၈၄၈၁၃/ ၃၇၁၃၄၀
E-mail: iprd.productionn@gmail.com
Facebook: DKY Journal
စောင်ရေ - ၁၉၈၄၅
၄၅၀ ကျပ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF"terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံနှင့် ဆွေးနွေးခဲ့ရာမှ နိုင်ငံအတွက် ရလဒ်ကောင်းရရှိခဲ့

ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံစဉ် ကာဇက်စတန်နိုင်ငံသို့မြန်မာ့ပေါ်ဆန်းမွှေးဆန် တင်ပို့နိုင်ရေး ဆွေးနွေးနိုင်ခဲ့ကြောင်း မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

"ကာဇက်စတန်ကို ရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ် ဆွေးနွေးတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက တစ်ခါ ဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ် ဆွေးနွေးခဲ့တဲ့ ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လုပ်မလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာကဏ္ဍတွေ ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာကဏ္ဍတွေမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေ ရခဲ့တယ်လို့ပြောလိုပါတယ်" ဟု ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။



ဓာတ်ပုံ - MOI

မြန်မာနိုင်ငံသည် ကာဇက်စတန်နိုင်ငံနှင့် ၁၉၉၉ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု ၂၆ နှစ်အတွင်း ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံမှ ကာဇက်စတန်နိုင်ငံသို့ ပထမဆုံး လာရောက်ခဲ့သည့် သမ္မတဖြစ်သည်။ ကာဇက်စတန်နိုင်ငံသည် ရေနံနှင့် ဓာတ်ငွေ့၊ ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံများ ထွက်ရှိသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကိုလည်း ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ကာ မြန်မာနိုင်ငံမှထွက်ရှိသော ပေါ်ဆန်းမွှေးဆန်ကို ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

*ငွေလရောင်*

# ကမ္ဘာတစ်ဝန်းအလေးထားလျက်ရှိသည့် စားနပ်ရိက္ခာဖူလုံရေး

နဒီဆု


ဓာတ်ပုံ – MOI

ကမ္ဘာပေါ်တွင် လူသားတိုင်း အသက်ရှင်ရပ်တည်ရန်အတွက် အခြေခံလိုအပ်ချက်မှာ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူဦးရေသည် နှစ်စဉ်တိုးပွားလျက်ရှိသဖြင့် ၂၀၃၀-၂၀၅၀ ပြည့်နှစ်များတွင် ၈ ဒသမ ၂ ဘီလီယံမှ ၁၀ ဒသမ ၃ ဘီလီယံနီးပါးအထိ မြင့်တက်လာနိုင်ခြေရှိကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတစ်ခုမှ သိရှိခဲ့ရသည်။ လူဦးရေ အဆမတန် တိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်ခံစားရမှု၊ ပဋိပက္ခနှင့် စစ်ပွဲများ ဖြစ်ပွားနေမှုများနှင့် ရွှေ့ပြောင်းလုပ်သားများ သိသိသာသာ မြင့်တက်လာမှုတို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်လာလျက်ရှိသည်။ ထိုသို့သော အကြောင်းအရာများကြောင့် ကမ္ဘာပေါ်တွင် အစာရေစာ ငတ်မွတ်ခေါင်းပါးမှုဒဏ် ခံစားနေရသူ သန်း ၈၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂ၏ လေ့လာတွေ့ရှိချက်အရ သိရှိရပါသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာနှင့် သောက်သုံးရေ မလုံလောက်မှုမှာ အကြီးမားဆုံး အကျပ်အတည်းဖြစ်လာသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့်လုပ်ရပ်များကို ပိုမိုလုပ်ကိုင်မှု များပြားလာသည့် လူနေမှုဘဝပုံစံများအရ မြေ၊ ရေ၊ လေထုညစ်ညမ်းမှုများစွာ ဖြစ်ပွားပြီး ရာသီဥတုပြောင်းလဲစေကာ မိုးခေါင်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံစားရမှု ပိုမိုများပြားလာနိုင်သောကြောင့် ကုလသမဂ္ဂက အနာဂတ်တွင် စားနပ်ရိက္ခာအခက်အခဲ ပိုမို ကျရောက်လာနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ထို့ကြောင့် ကမ္ဘာ့လေထုညစ်ညမ်းမှုအပါအဝင် ညစ်ညမ်းနေမှုအရပ်ရပ်တို့ကို ရပ်တန့်စေပြီး တည်ငြိမ်ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်အဖြစ် ပြန်လည်ပေါ်ပေါက်စေရေး ဆောင်ရွက်ရန်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် အရေးအကြီးဆုံးသော တာဝန်ဖြစ်လာသည်။

စားနပ်ရိက္ခာ ဖူလုံရေးအတွက် လူသားတိုင်း ထပ်မံသတိထားသင့်သည့်အချက်မှာ အစားအစာ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရေးပင်ဖြစ်သည်။ လူသားများစားသုံးရန် သင့်လျော်သည့် အစားအစာများအား ပေ့ါဆမှုကြောင့် ရက်လွန်ခြင်း၊ ပိုလျှံမှုများ ဖြစ်ပေါ်ခြင်းကြောင့် စွန့်ပစ်ရခြင်းများကို သတိထားရန် အထူးလိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် အာဖရိကရှိ အချို့ဒေသများတွင် ဆိုးရွားလှသည့် အာဟာရချို့တဲ့မှုဒဏ်ကို ခံစားရလျက်ရှိသည်။ ထို့အတူ လူဦးရေ သုံးဘီလီယံခန့်သည် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို မှီဝဲနိုင်ခြင်းမရှိကြောင်းလည်း လေ့လာသိရှိရသည်။ စားနပ်ရိက္ခာအလေအလွင့်ဖြစ်မှုများသည် ငွေကြေးအရ ဆုံးရှုံးခြင်း၊ လုပ်အားဆုံးရှုံးခြင်း၊ အစားအစာ ထုတ်လုပ်ရာ၌ စွမ်းအင်၊ မြေယာ၊ ရေသယံဇာတသုံးစွဲမှု အရင်းအမြစ်များ ဆုံးရှုံးရခြင်းပင်ဖြစ်သည်။

ထို့ကြောင့်ပင် ၁၉၈၁ ခုနှစ်မှ စတင်၍ နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization of the United Nations –FAO)က ဦးဆောင်၍ နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၅ ခုနှစ်တွင် (၄၄)ကြိမ်ရှိပြီဖြစ်သည်။ FAO အဖွဲ့၏ ဆောင်ပုဒ်မှာ လက်တင်ဘာသာဖြင့် “FIAT PAINS” ဟု ရေးသားထားပြီး “Let there be bread” ဟု အဓိပ္ပာယ်ရပါသည်။ အစားအစာ လုံလုံလောက်လောက်ရရှိစေရန် ရည်ရွယ်သည့် ဆောင်ပုဒ်ပင်ဖြစ်သည်။ အဆိုပါ FAO အဖွဲ့တွင် အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၇ နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး ရုံးချုပ်ကို အီတလီနိုင်ငံ ရောမမြို့၌ အခြေစိုက် ဖွင့်လှစ်ထားပါသည်။

အဆိုပါ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၀ ကျော်က နှစ်စဉ်မပျက်အလေးထား ကျင်းပကြပြီး အချို့နိုင်ငံများတွင် အထိမ်းအမှတ် ငွေအကြွေစေ့များ၊ စာပို့တံဆိပ်ခေါင်းများ၊ နံရံကပ်ပိုစတာများ၊ ပို့စကတ်များ ထုတ်ဝေခြင်းတို့ကို အမှတ်တရ ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၄၇ ခုနှစ်တွင် FAO အဖွဲ့ဝင် ဖြစ်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် FAO ဌာနေကိုယ်စားလှယ်ရုံးကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် တောတောင်ရေမြေသဘာဝ၊ မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါကြွယ်ဝလှသည်။ နုန်းတင်မြေနုကျွန်းများ၊ စိုက်ပျိုးမြေများ စသည့် ဆန်စပါးနှင့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ စိုက်ပျိုးရာ မြေနေရာများ ပေါကြွယ်ဝသည်။ အလားတူပင် ရေနေသတ္တဝါမွေးမြူရေးနှင့် ရေသယံဇာတ ထုတ်လုပ်ရေးအတွက် သဘာဝ မြစ်ချောင်းအင်းအိုင်များ တည်ရှိသည်။ ထို့အတူ မြန်မာ့ပင်လယ်ပြင် အထူးသီးသန့် စီးပွားရေးဇုန် ၅၃၂၇၇၅ စတုရန်းကီလိုမီတာ ရှိသောကြောင့် ရေငန်ငါးသယံဇာတ ပေါများကြွယ်ဝလှသည်။ ထိုကဲ့သို့ ရေခံ၊ မြေခံကောင်းမွန်မှုများကို ရေရှည် ထိန်းသိမ်းရေးလိုအပ်သလို စားနပ်ရိက္ခာ အလေအလွင့်မရှိစေရေး၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သည်။ မြန်မာနိုင်ငံသည် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် မြေဧရိယာ ဟက်တာ ၁၂ သန်းခန့်ရှိပြီး စပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အစရှိသည့် သီးနှံအမျိုးပေါင်း ၆၁ မျိုးခန့်ကို နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးတို့အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခု ၂၀၂၅ ခုနှစ်တွင် ချမှတ်ထားသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်၌ တစ်ချက်အပါအဝင်ဖြစ်သည့် “နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကိုစဉ်ဆက်မပြတ်မြှင့်တင်ရေး” ဆိုသည့် ဦးတည်ချက်အတိုင်း ပြည်တွင်း၌ ထုတ်ကုန်များ လုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းဖြစ် စားသောက်ကုန်များအား ဒေသအသီးသီး၌ ထုတ်လုပ်နိုင်ရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် ဆန်၊ စပါး အဓိက စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း ရှေးယခင်က နိုင်ငံအတွင်း၌ပင် ဆန်၊ စပါးများ ရှားပါးသည်အထိ ဖြစ်ပေါ်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဒေသအတွင်း၌ ရာသီဥတုဖောက်ပြန် ဆိုးရွားမှုများကြောင့် စပါးအထွက်နှုန်းများ ကျဆင်းပြီး ဆန်စပါးများ ရှားပါးခဲ့ရခြင်းဖြစ်သည်။ ယနေ့ နိုင်ငံတော်အနေဖြင့် ယခင်ကအခြေအနေမျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် နိုင်ငံအတွင်း၌ စားရေရိက္ခာဖူလုံမှုရှိစေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တောင်သူလယ်သမားများကလည်း စိုက်ပျိုးဖြစ်ထွန်းသည့် သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသဖြင့် ပြည်တွင်း၌သာမက ပြည်ပသို့ စားရေရိက္ခာများ တင်ပို့နိုင်ပါက တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး Food Security ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ပေမည်။

ယခုအခါတွင် နိုင်ငံတော်က အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးဟူသည့် လုပ်ငန်းစဉ်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုအတွက် အာဟာရပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော စားရေရိက္ခာများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍လည်း လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးရေးဆိုင်ရာမဟာဗျူဟာ၊ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့်လည်း စားနပ်ရိက္ခာဖူလုံရေးကို မျှော်မှန်းလျက် အလေးထားကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးထွက်ကုန် တိုးတက်စေရန် စနစ်တကျပြင်ဆင်ရေး၊ အစားအစာလေလွင့်မှု မရှိစေရေး၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ***နဒီဆု***

---

**“မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူ ရေးထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသဖြင့် ပြည်တွင်း၌သာမက ပြည်ပသို့ စားရေရိက္ခာများ တင်ပို့နိုင်ပါက တိုင်းပြည်စီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး Food Security ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ပေမည်။”**

# တရုတ်သို့ ရေထွက်သတ္တဝါ အရှင်များ တိုက်ရိုက်တင်ပို့နိုင်ရန် လုပ်ငန်းရှင်များ မျှော်လင့်

တရုတ်သို့ ရေထွက်သတ္တဝါ အရှင်များ အကောင်လိုက် တိုက်ရိုက်တင်ပို့နိုင်ရန် လုပ်ငန်းရှင်များ မျှော်လင့်နေကြောင်း ဒို့ကျေးရွာဂျာနယ်က မေးမြန်းထားသော အချက်အလက်များအရ သိရသည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ငါးများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေပြီး ကျောက်ပုစွန်အရှင်၊ ကင်းပုစွန်အရှင် စသည့် ရေထွက်ကုန်များကို ထိုင်းနိုင်ငံမှ တစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း၊ အေးခဲထားသည့် ပုစွန်များကို ဂျပန်နိုင်ငံသို့လည်းကောင်း တင်ပို့နေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေထွက်ကုန် တင်ပို့မှုမှ ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် တန်ချိန် ၂၈၅၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကာ အမေရိကန် ဒေါ်လာ ၃၀၃ ဒသမ ၆၂၈ သန်း ရရှိခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များကို Cargo လေယာဉ်ကြီးများဖြင့် ပိုမိုတင်ပို့နိုင်ရေးအတွက် လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် လေဆိပ်အဖြစ် မြိတ်လေဆိပ်ကို အဆင့်မြှင့်တင်ရန် လုပ်ငန်းရှင်များ မျှော်လင့်နေကြောင်းလည်း သိရသည်။

**"Cargo လေယာဉ်ကြီးတွေ ဆင်းမယ်ဆိုရင် တရုတ်နိုင်ငံ ချန်ဒူးတို့၊ ချုံချင့်တို့ကို ရေထွက်ပစ္စည်းတွေ တင်ပို့နိုင်တာပေါ့နော်။** Cargo လေယာဉ်ကြီးတွေ ဆင်းနိုင်အောင်လည်း လေယာဉ်ကြီးတွေ တိုးချဲ့ပေးဖို့ တင်ပြတဲ့ အထဲပါတယ်။ အဲဒီ Cargo လေယာဉ်ကြီးတွေ လေယာဉ်တွေဆင်းရင် ဒီက ငါး၊ ပုစွန်ကို အရှင်တွေ၊ ကျောက်ပုစွန်၊ ကင်းပုစွန်တို့ အခုလက်ရှိ မွေးနေတဲ့ ပုစွန်တို့ တရုတ်ပြည်ကို အရှင်တင်ပို့နိုင်တာပေါ့နော်။ နိုင်ငံတော်ကလည်း အခု ချန်ဒူးနဲ့ ချုံချင့်ကို တစ်ပတ်မှ (၃)ရက်၊ (၄) ရက်ပြေးဆွဲနေတာရှိတယ်လို့ သိရတယ်။ မြိတ်မှာလည်း အဲဒီလို လာဆင်းပေးနိုင်ရင်တော့ တင်ပို့နိုင်တာပေါ့။ လေယာဉ်ကွင်းလည်း အဆင့်မြှင့်ပေးရမှာပေါ့နော်။ **အပြည်ပြည်ဆိုင်ရာကွင်းဖြစ်မှလည်း နိုင်ငံတကာက လာဆင်းလို့ရမှာပေါ့။ အပြည်ပြည်ဆိုင်ရာကွင်းဖြစ်ရင် လေယာဉ်တိုက်ရိုက် ဆင်းမယ်။ ကုန်တင်ပြီးတော့ တစ်ခါတည်း ချန်ဒူးတို့၊ ချုံချင့်တို့ သွားမယ်ဆို လုပ်ငန်းရှင်တွေ ပိုအဆင်ပြေမှာပေါ့နော်။ အရှင်ဆိုတော့ ဈေးလည်း ပိုရတာပေါ့နော်။** အခု ယာယီခရီးစဉ်မှာ တင်ပြလိုက်တော့ တစ်ခါတည်း မပြန်ခင် လေဆိပ်မှာ ပို့ဆောင်ရေးက ဒုဝန်ကြီး ပါလာတယ်လေ။ ဒုဝန်ကြီးပြောသွားတာကြားတယ်။ လေဆိပ်ကို မြှင့်တင်ပေးမှာပေါ့နော်။ ဘယ်တော့လဲဆိုတာ မသိသေးဘူး" ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ထိုသို့ မြိတ်လေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ပါက ပုစွန်အရှင်များကို တရုတ်သို့ တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ပိုမိုဈေးကောင်းရရှိနိုင်ပြီး ဝင်ငွေပိုတိုးနိုင်ကြောင်းလည်း သိရသည်။

အလားတူ ရေထွက်ကုန်များကို ကုန်ချောအဖြစ် တင်ပို့နိုင်ရန် မြိတ်မြို့၌ ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ထောင်၍ အေးခဲစက်ရုံကြီးများ တည်ဆောက်ရန်အတွက်လည်း ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

*ရွှေစင်*

# မြေပဲဆန်ပြန်လည်ဝယ်လိုအား ကောင်းလာသဖြင့် တောင်သူများ အဆင်ပြေလာ



မြေပဲဆန်ပြန်လည် ဝယ်လိုအား ကောင်းလာသဖြင့် တောင်သူများ အဆင်ပြေလာကြောင်း မြေပဲဆန်ရောင်းဝယ်ရေး လုပ်ကိုင်သူများထံ ဒို့ကျေးရွာက ဆက်သွယ်မေးမြန်းထားသည့်အချက်အလက်များအရ သိရသည်။ လက်ရှိတွင် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် (၈၀၀၀)နှင့် မြေပဲအဖြူ တစ်ပိဿာလျှင် ငွေကျပ် (၇၈၀၀)ဝန်းကျင် ပေါက်ဈေးရှိပြီး ကြိတ်ပြီးနောက် ဆီတစ်ပိဿာလျှင် ငွေကျပ် (၁၅၅၀၀)၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် (၅၇၀၀) အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

အရောင်းအဝယ် ကောင်းလာသော မြေပဲဆန်ဈေးကွက်ကြောင့် ဧရာဝတီနှင့် ပဲခူးမှ မြေပဲစိုက်သူများ၊ အလုပ်သမားများနှင့် ကုန်သည်များအတွက် ဆင့်ကဲအဆင်ပြေနေကြောင်း သိရသည်။

"မြေပဲဆန်တွေ အရောင်းအဝယ် ကောင်းမွန်နေတဲ့အတွက် တောင်သူတွေအပြင် လုပ်သားတွေနဲ့ ကုန်သည်တွေလည်း အဆင်ပြေလာပါတယ်။ **ဒေသထွက်မြေပဲတွေအပြင် တခြားဒေသကနေ မိုးမြေပဲတွေပါ ဝင်ရောက်နေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန် အရောင်းအဝယ် ကောင်းလာတာပါ။ လာမယ့် နွေမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်အထိ အရောင်းအဝယ် ကောင်းနေမှာပါ"** ဟု မြေပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြေပဲဆန်ဈေးသည် စက်တင်ဘာ ဒုတိယပတ်မှ စတင်ဦးမော့လာခြင်းဖြစ်ပြီး လက်ရှိတွင် မြေပဲဆီကြိတ်ခွဲစက်များကလည်း မြေပဲဆန်များ အဝယ်လိုက်နေကြောင်း သိရသည်။ ဧရာဝတီနှင့် ပဲခူးမှ စားသောက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်၊ မြေပဲအခွံပါ စသည်ဖြင့် ပုံစံအမျိုးမျိုး ထုတ်လုပ်ကာ ဝယ်ယူသည့်ဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

*ခွန်*

# ဈေးကွက်လိုအပ်ချက် ပိုများသည့် Robusta ကော်ဖီ စိုက်ပျိုးရန် စိတ်ဝင်စားသူများပြား

ဈေးကွက်လိုအပ်ချက် ပိုများသည့် Robusta ကော်ဖီစိုက်ပျိုးရန် စိတ်ဝင်စားသူများနေကြောင်း ကော်ဖီစိုက်ပျိုးသူများထံ ဒို့ကျေးရွာဂျာနယ်မှ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အဓိက တင်ပို့ရောင်းချနေပြီး ဝယ်လိုအားများသည့်အတွက် ဈေးကွက်လိုအပ်ချက် ပြည့်မီစွာ တင်ပို့နိုင်ရန် မြေကေများ တိုးချဲ့စိုက်ပျိုးမှုများရှိကာ အစိုးရမှလည်း မြေလွတ်မြေရိုင်းများနှင့် စိုက်ပျိုးမြေကေများ ချပေးမှုများရှိကြောင်း သိရသည်။ ထိုသို့ မြေလွတ်မြေရိုင်းများနှင့် မြေကေများ အစိုးရမှ ချပေးထားသော်လည်း မြေပြင်တွင် အဆင်မပြေသည့် အခြေအနေများ ရှိနေကြောင်းလည်း သိရသည်။

ထို့ကြောင့် အစိုးရအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် မြေလွတ်မြေရိုင်းများ၊ မြေကေများကို စနစ်တကျ ဖော်ဆောင်ပေးကာ လမ်းပန်းဆက်သွယ်ရေးများ ဖော်ထုတ်ပေးရန်လည်း လုပ်ငန်းရှင်များက မျှော်လင့်နေကြောင်း သိရသည်။ အလားတူ **ဈေးကွက်လိုအပ်ချက်များသည့် မြေနိမ့်ကော်ဖီဖြစ်သည့် Robusta ကော်ဖီအမျိုးအစားကို စိုက်ပျိုးနိုင်ရန် စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေကေ အများအပြား ဖော်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးပါက စိတ်ဝင်စားသူများပြားနိုင်ပြီး** Robusta ကို စိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များ ရှိကြောင်းလည်း သိရသည်။ "တချို့ဆိုရင် ပဲခူးရိုးမမှာ ဝယ်စိုက်တဲ့လူတွေ ရှိတယ်။ နေပြည်တော်လမ်းဘေးတွေ၊ ပဲခူးရိုးမတွေမှာတောင် စိုက်နေတဲ့လူတွေရှိတယ်။ အစိုးရကမြေပြင်မှာ သေချာဖော်ဆောင်ပေးမယ်။ ကေများ ဖော်ဆောင်ပေးမယ်။ ကေ (၅၀) အထက်မှ စီးပွားဖြစ်တာလေ။ ပြင်ဦးလွင်မှာပေးတာဆို ကေ (၅၀)ဆိုတော့ (၅၀)က တကယ်တမ်းစီးပွားမဖြစ်ဘူး။ တကယ်တမ်းက (၅၀) အထက်မှ စီးပွားဖြစ်တာ"ဟု ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

*ရွှေစင်*

# ဝိုင်စပျစ်စိုက်ပျိုးရန် စိတ်ဝင်စားလျှောက်ထားသူ ရာနှင့်ချီ ရှိနေ

နိုင်ငံတော်မှ တစ်ဧက၊ နှစ်ဧကမှစ၍ စိုက်ပျိုးလိုသည့် စီးပွားရေးလုပ်ငန်းရှင်များကို ပြီးခဲ့သည့် ဩဂုတ်လ ၁၈ ရက်က ဖိတ်ခေါ်ထားကာ ဝိုင်စပျစ်စိုက်ပျိုးရန် စိတ်ဝင်စား၍ လာရောက်လျှောက်ထားသူမှာ စက်တင်ဘာလ ၂၉ ရက်အထိ စာရင်းအရ (၆၁၄) ဦး ရှိပြီဖြစ်ကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဒို့ကျေးရွာဂျာနယ်သို့ ပြောကြားသည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၂၀ ရက်က လျှောက်ထားသူများထဲမှ ပထမအဆင့်အနေဖြင့် ကုမ္ပဏီ (၃၀)ကျော်နှင့် တွေ့ဆုံ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကိစ္စရပ်များကို အသိပေးဆွေးနွေးခြင်းများ လုပ်ဆောင်ခဲ့ပြီး လက်ရှိတွင် မြေပြင်ကွင်းဆင်းပြသခြင်းကို ဆောင်ရွက်လျက်ရှိကာ နောက်ပိုင်းတွင် တောင်သူများနှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**"စပျစ်စိုက်ပျိုးဖို့ စိတ်ဝင်စားလို့ လာလျှောက်တဲ့သူတွေ ပေါင်းလိုက်လို့ ရှိရင် (၆၀၀) ကျော်လောက်ရှိပါပြီ။ လျှောက်တဲ့သူထဲမှာ ကုမ္ပဏီတွေရော၊ တစ်နိုင်တစ်ပိုင်တောင်သူတွေရော ပါဝင်ပါတယ်ခင်ဗျ။ ကုမ္ပဏီတွေကတော့ သိပ်မများသေးပါဘူး။ အဲဒီ (၆၀၀) ကျော်ထဲက ကုမ္ပဏီက (၅၅)ခု ရှိပါတယ်"** ဟု ၎င်းက ဆိုသည်။ ပထမအဆင့်အဖြစ် နေပြည်တော်၊ ရမည်းသင်း၊ ပျော်ဘွယ်ရှိ မြေလွတ်၊ မြေလပ်ဧကသောင်းဂဏန်းခန့်ကို အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ စပျစ်စိုက်ပျိုးခြင်းသည် ရင်းနှီးမှုများပြားပြီး နည်းပညာလိုအပ်ခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ မြေကေ မည်မျှချပေးသွားမည်ကို ကော်မတီမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

"အခုက စိတ်ဝင်စားမှု အဆိုပြုလွှာ တောင်းခံတာပဲ ဖြစ်ပါတယ်။ အခုကတော့ ဧကဘယ်လောက်ပေးမယ်ဆိုတာတော့ မသတ်မှတ်သေးပါဘူး။ ကုမ္ပဏီတွေထဲက ရာဂဏန်းလျှောက်တဲ့သူတွေလည်း ရှိပါတယ်။ သူတို့ကို ကွင်းဆင်းပြပြီး စိတ်ဝင်စားမှ ဧကဘယ်လောက်ပေးမယ်ဆိုတာ ရှိတာပေါ့လေ။ **စပျစ်စိုက်ပျိုးတာက အရင်းအနှီးလည်းများတယ်။ နည်းပညာလည်း လိုအပ်တာကြောင့် အခုလိုမျိုးနဲ့ ချင့်ချိန်ပြီးမှ ပေးမှာဖြစ်ပါတယ်။** ဒါကတော့ ကော်မတီက ဆုံးဖြတ်မှာဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ထို့ပြင် နိုင်ငံတော်မှ မြေလွတ်၊ မြေလပ် လုပ်ပိုင်ခွင့်ကို နှစ်(၃၀)နှင့် မြေခွန် ကင်းလွတ်ခွင့် (၃)နှစ် ပေးထားပြီး ကုန်ကျစရိတ်အပါဝင် စာချုပ်ပါ လုပ်ဆောင်ချက်များကို ရှင်းပြထား၍ လျှောက်ထားသူများအနေဖြင့် စည်းကမ်းချိုးဖောက်ပါက နိုင်ငံတော်မှ အဆိုပါမြေများကို ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။ *ဒေစီမေ*

ကချင်တိုင်းရင်းသားရိုးရာဝတ်စုံများ ... မျက်နှာဖုံးမှ



**"မြစ်ကြီးနားမှာလည်း ကျွန်တော်တို့ အသင်းခွဲရုံးဖွင့်ဖို့တိုင်ပင်ထားပြီးပြီ။ နယ်မြေအေးဆေးဖြစ်သွားရင် ဖွင့်မယ်ဆိုပြီးတော့ သူတို့ဘက်က တာဝန်ခံကိုတော့ ကျွန်တော်တို့ တာဝန်ပေးပြီးပါပြီ။ အခုမန္တလေးမှာ ရုံးခွဲရှိသလို ရှမ်းပြည်နယ်၊ တောင်ကြီးနဲ့ မြစ်ကြီးနားမှာလည်း ရုံးခွဲဖွင့်မယ်။ မြစ်ကြီးနားဒေသဆိုရင် သူတို့ရဲ့တိုင်းရင်းသားတွေရဲ့ဝတ်စုံတွေကို သူတို့ဘက်က တင်ပြရင် ကျွန်တော်တို့ဘက်က ဖော်ထုတ်ပြီးတော့ နိုင်ငံတကာကိုလည်း ပွဲတွေဘာတွေမှာ ကျွန်တော်တို့ ဒီဝတ်စုံတွေကို ခင်းကျင်းပြသဖို့ အဲဒီလိုတော့ ရည်ရွယ်ချက်ရှိပါတယ်။ ကချင်မှာ ဂျိမ်းဖောရှိတယ်။ လီဆူးလည်းရှိတယ်။ ကချင်မှာလည်း မျိုးနွယ်စုများတယ်"** ဟု ၎င်းက ဆိုသည်။ ပြီးခဲ့သည့် ကာလက နိုင်ငံပေါင်း (၁၀)နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရိုးရာဝတ်စုံပြိုင်ပွဲကို မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံတကာမှ မှတ်ချက်ကောင်းများ ရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ အတွေ့အကြုံအရပေါ့နော်။ သွားလိုက်တဲ့အချိန်မှာ တခြားနိုင်ငံက ပညာရှင်တွေအနေနဲ့ကတော့ မြန်မာဝတ်စုံကို ချီးကျူးတယ်။ သူတို့ အံ့သြတယ်။ မတူဘူးကိုး။ ဗီယက်နမ်မှာလည်း ဗီယက်နမ်ဝတ်စုံရှိတယ်။ ကျွန်တော်တို့ မြန်မာမှာကျတော့ တိုင်းရင်းသားက များတယ်လေ။ များတယ်ဆိုတော့ ကချင်ရိုးရာဝတ်စုံရှိတယ်။ လီဆူးရှိတယ်။ ဒါကျွန်တော်တို့ရဲ့ ရိုးရာထဲမှာ ပါတာပါပဲ။ ထိုင်မသိမ်းနဲ့ ဟိုးအရင်ခေတ်က တိုင်းရင်းသားပေါင်းစုံပေါ့နော်။ ကျွန်တော်တို့အသင်းရဲ့ ရည်ရွယ်ချက်ကိုက မြန်မာနိုင်ငံတိုင်းရင်းသားတွေဖြစ်လို့ရှိရင် ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်၊ ဘာသာဆိုလည်း ဘယ်ဘာသာပဲ ကိုးကွယ်ပေါ့နော်။ အဓိကက ဖော်ထုတ်နိုင်ဖို့ပဲ။ အဲဒီတော့ နိုင်ငံခြားသားတွေအနေနဲ့က အံ့သြတယ်။ ဒါကိုမှတ်ချက်ရပါတယ်" ဟု ဦးသန်းထွန်းစိုးက ဆိုသည်။ *ခွန်*

# ပန်းပွင့်ချိန်နှင့် အသီးကြီးထွားချိန် အစိုဓာတ်ပြတ်တောက်ခြင်းကြောင့် နှမ်းအထွက်နှုန်း နည်းပါးနေ



နှမ်းသီးနှံ၏ ရေအလိုအပ်ဆုံးအချိန်ဖြစ်သည့် ပန်းပွင့်ချိန်နှင့် အသီးကြီးထွားချိန်တွင် အစိုဓာတ်ပြတ်တောက်ခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပန်းတိုင်အထွက်နှုန်းနည်းပါးနေကြောင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

နှမ်းသီးနှံ၏ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ချက်မှာ တစ်ဧကလျှင် တင်း (၂၀) ဖြစ်သော်လည်း ပြီးခဲ့သည့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်၏ နှမ်းသီးနှံစိုက်ပျိုးမှု စုစုပေါင်း (၄၀၄၆၁၅၇) ဧကတွင် နှမ်းစုစုပေါင်း (၃၈၆၀၂၇၅၄) တင်း ထွက်ရှိခဲ့ပြီး ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် (၉ ဒသမ ၇၇) တင်း နှုန်းသာ ထွက်ရှိကြောင်း သိရသည်။

သို့ရာတွင် ဖြည့်စွက်ရေရှိသည့် ရေမြေအခြေအနေကောင်းသောအချို့ဒေသများ၌ တစ်ဧကလျှင် (၁၇) တင်းမှ တင်း (၂၀) အထိ ထွက်ရှိလျက်ရှိပြီး မြေပဲအထွက်နှုန်းနှင့် နှိုင်းယှဉ်လျှင် နှမ်းသီးနှံမှာ တစ်နိုင်ငံလုံးပန်းတိုင်ထွက်ရှိရန် လိုအပ်လျက်ရှိနေကြောင်း ၎င်းက ဆိုသည်။

"ဒီလို နှမ်းသီးနှံ ပန်းတိုင်အထွက်နှုန်းထွက်ဖို့ ဆောင်ရွက်ရာမှာ ကြုံတွေ့ရတဲ့ အဓိကအခက်အခဲက **နှမ်းသီးနှံရဲ့ ရေအလိုအပ်ဆုံးအချိန်ဖြစ်တဲ့ ပန်းပွင့်ချိန်နဲ့ အသီးကြီးထွားချိန်မှာ အစိုဓာတ်ပြတ်တောက်ခြင်း ဖြစ်ပါတယ်။ နှမ်းဟာ ရေလိုအပ်ချက်နည်းပြီး မြန်မာနိုင်ငံ အပူပိုင်းဇုန်ဒေသတွေမှာ အဓိကစိုက်ပျိုးဖြစ်ထွန်းပေမယ့် ပန်းပွင့်ချိန်နဲ့ အသီးကြီးထွားချိန် အစိုဓာတ် မလုံလောက်ခဲ့ရင် နှမ်းအထွက်နှုန်းက သိသိသာသာ ကျဆင်းတာကိုတွေ့ရပါတယ်"** ဟု အထက်ပါတာဝန်ရှိသူက ရှင်းပြသည်။ ထို့အပြင် နှမ်းစိုက်ခင်းများမှာ လိုအပ်သည်ထက် မိုးရွာသွန်းမှုများ လွန်းသည့် အခြေအနေများနှင့် ကြုံတွေ့ရပါက အထွက်နှုန်းလျော့နည်းခြင်းများ ကြုံတွေ့ရကြောင်း ၎င်းက ထပ်မံပြောကြားသည်။ "ဒါကြောင့် နှမ်းစိုက်ပျိုးသည့် ဒေသတွေမှာ ဖြည့်စွက်ရေ လုံလုံလောက်လောက်ပေးနိုင်ဖို့နှင့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်တဲ့ စိုက်ပျိုးနည်းစနစ်များ စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုသို့စီမံဆောင်ရွက်ပေးနိုင်ရင် ဒီအခက်အခဲကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ဌာနအနေဖြင့် တောင်သူများကို နည်းပညာပေးခြင်းအပြင် သွင်းအားစုများအတွက် ကုန်ကျစရိတ်ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်အရင်းမပျောက်မတည်ငွေအဖြစ် သီးနှံဖြင့်ပြန်လည်ပေးဆပ်ရသည့် နှမ်းတစ်ကေလျှင် ကျပ်နှစ်သိန်းနှင့် ညီမျှသည့် သွင်းအားစုများကို ပံ့ပိုးလျက်ရှိကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။

*ဒေစီမေ*

# နိုင်ငံတကာတွင် ဆန်ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် လုပ်ဆောင်သင့်သည်များကို MRF အကြံပြု


နိုင်ငံတကာဈေးကွက်တွင် ဆန်ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် တောင်သူလယ်သမားများ လုပ်ဆောင်သင့်သည်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ထုတ်ပြန်ချက်အတွင်း အကြံပြုပြောကြား မျှဝေထားသည်။

ပြည်တွင်းဆန်စပါး ဈေးကွက်တွင် အချို့ဒေသများတွင် ကောက်စောစပါးများ စတင်ပေါ်ထွက်နေပြီဖြစ်၍ စပါးစိုက် တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် စပါး/ ဆန် ဝယ်ယူရေးများကို ဆောင်ရွက်ရန် ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများ၊ ဆန်စက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုနှစ် ၂၀၂၅ နှစ်ဆန်းပိုင်းမှ စတင်၍ နိုင်ငံတကာဈေးကွက်တွင် ဆန်ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ပြည်ပသို့ တင်ပို့သည့် ဧည့်မထ၊ ငစိန် စပါးမျိုးများမှာ အမျိုးအစား၊ အရည်အသွေးပေါ် အခြေခံ၍ ဈေးနှုန်းကွာခြားမှုရှိသဖြင့် **ပြည်တွင်းပြည်ပ ဈေးကွက်မှ လိုအပ်သော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ မြို့နယ်အသီးသီးရှိ ဆန်စက်များထံသို့ တိုက်ရိုက်တင်ပို့ရောင်းချခြင်း၊ တောင်သူများအနေဖြင့် တစ်ဦးတစ်ယောက်ချင်း ကွင်းဝယ်လက်များ၊ အကျိုးဆောင်များကို ရောင်းချခြင်းထက် တောင်သူများစုပေါင်း၍ ဆန်စက်များ၊ ကုမ္ပဏီများထံ တိုက်ရိုက်ညှိနှိုင်းတင်ပို့ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဈေးနှုန်းပိုမိုရရှိနိုင်ခြင်း၊ မိမိတို့ ဒေသအသီးသီးရှိ ဆန်စက်များ၊ ဆန်/ ဆန်ကွဲ ပြည်ပ တင်ပို့သည့် ကုမ္ပဏီများနှင့် ပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ်/ အာမခံဈေးနှုန်းစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း** အကြံပြုတိုက်တွန်းထားသည်။

ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်လိုသော တောင်သူများအနေဖြင့်လည်း ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးရန် လိုအပ်ချက်ရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဆက်သွယ်ရန်နှင့် လတ်တလောစိုက်ပျိုးထုတ်လုပ်ထားသည့် ဧည့်မထ၊ ငစိန်စပါးမျိုးများ ရောင်းချရာတွင် အခက်အခဲရှိလျှင်သော်လည်းကောင်း၊ သင့်တင့်မျှတသော ဈေးနှုန်း မရရှိလျှင်သော်လည်းကောင်း ဒေသအသီးသီးရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒေသကော်မတီများသို့ဖြစ်စေ၊ ညီနောင်အသင်းအဖွဲ့များသို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ကြရန်လည်း အသိပေးထားသည်။

*သန်းဇော်မင်း*

# နှစ်ပေါင်း (၁၇၀) ကျော် သက်တမ်းရှိသော မဟာမင်းထင်ကျောင်းတိုက်ကို ရှေးမူမပျက်ထိန်းသိမ်းမည်



မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ နှစ်ပေါင်း(၁၇၀)ကျော်သက်တမ်းရှိသော မဟာမင်းထင်ကျောင်းတိုက်ကို ဂျပန်အစိုးရအလှူငွေဖြင့် ရှေးမူမပျက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

အဆိုပါ ကျောင်းတိုက်ကြီးကို မူလက အင်းဝမြို့ဟောင်း၌ ၁၈၅၂ ခုနှစ်တွင် မဟာမင်းလှမင်းကျော် ဦးမင်းထင်က လှူဒါန်းခဲ့ခြင်းဖြစ်ကာ ၁၈၇၆ ခုနှစ်တွင် မန္တလေးသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုက တွက်ချက်မှုအပိုင်းက ပြီးပြီပေါ့နော်။ မြေပြင်ကွင်းဆင်းပြီးတော့ တွက်ချက်မှုတွေလုပ်တယ်။ လုပ်ပြီးတဲ့ဟာကို လှူဒါန်းမဲ့ **ဂျပန်နိုင်ငံကို သူတို့ပြန်လည်ချိတ်ဆက်ပြီးတော့ ဒီတွက်ချက်မှု (Estimate) တွေ ပြန်လည်တင်ပြနေတာရှိပါတယ်။ အဲဒါတွေပြီးရင် ငွေလှူဒါန်းမှု ရောက်လာပြီဆိုတာနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆက်ပြီးတော့ ဆောင်ရွက်သွားမှာပါ"**ဟု ၎င်းက ပြောသည်။ ထိုသို့ပြုပြင်ထိန်းသိမ်းရန် တွက်ချက်ရာတွင် ကျွန်းသစ်ရှားပါးမှုနှင့် ဈေးနှုန်းများကြောင့် ငွေကျပ် သိန်း ၁၀၀၀၀ ကျော် ကုန်ကျမည်ဖြစ်သော်လည်း လှူဒါန်းမှုပေါ်မူတည်၍ ဦးစားပေးသတ်မှတ်ထားသော နေရာများကိုသာ ပြန်လည်အစားထိုး ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ "အဓိကတော့ အမိုးပေါ့နော်၊ ကျောင်းတော်ကြီးကလည်း စောင်းနေတဲ့အတွက် တည့်မတ်မှုကိုလုပ်မယ်။ အမိုးတွေ ပြန်မိုးမယ်။ အဓိက Main ဆောင်ကြီးကိုပဲ အဓိကထားလုပ်မယ်။ လှူဒါန်းမယ့် ငွေအတိုင်းအတာပေါ်ကို မူတည်ပြီးတော့ အခြားလိုအပ်တဲ့ဟာတွေ ပြုပြင်သွားမှာပေါ့။ အောက်က ကြမ်းခင်းတို့ ဆင့်တို့ ယက်မတို့ ဒါတွေကို ပြန်လည်ပြီးတော့ ခင်းတာတို့ လုပ်မှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ဂျပန်အစိုးရ၏ လှူဒါန်းမှုသည် မန္တလေးမြို့တွင် နေရာသုံးခုရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင်လည်း လှူဒါန်းမှုများ ရှိကြောင်း သိရသည်။

*စောမာလာ*

# ဘဝအိပ်မက် ပန်းအိပ်မက်

**မစန္ဒာ**



ယခင်အပတ်မှအဆက်

"ကြောက်... ကြောက်... အမျှ... အမျှ... အဲ... အဲယောင်လို့... ကြား... ကြား... သမျှ... သမျှ... အမျှ... အမျှ... အမျှ... ယူတော်မူကြ..."

ဒေါ်ရွှေနုသည် ရွတ်ရိုးရွတ်စဉ် အမျှဝေခြင်းကိစ္စကို ခါတိုင်းလိုမပြီးလိုက်ဘဲ မခင်လှ၏ မိခင်ကြီးကိုပါ အာရုံပြုပြီး အမည်ကိုခေါ်ကာ အမျှတပ်စေသည်။ အမျှဝေအပြီး ဦးသုံးကြိမ်ချပြီးသောအခါတွင်ကား ဒေါ်ရွှေနု မနေနိုင်တော့။ သူ့နှာခေါင်းနားတွင် ပတ်ချာလှည့်ပြီး တဝီဝီဝဲနေသော ခြင်ကိုလက်နှစ်ဖက်နှင့် အားရပါးရညှပ်ကာ ရိုက်လိုက်သည်။

အခုလေးတင် ငါးပါးသီလကို ခံထားတာဟူသော အသိစိတ်ဝင်လာ၍ လက်ကို အရှိန်လျှော့ရန် ကြိုးစားသော်လည်း မအောင်မြင်၊ သူ၏ ဘယ်ဘက်လက်ဝါးနှင့် ညာဘက်လက်ဝါးတို့က အရှိန်ပြင်းပြင်းနှင့် ဖြန်းခနဲမြည်အောင် ရိုက်ခတ်သွားသည်။ လက်ဝါးဖြန့်ကြည့်လိုက်တော့ လက်ဖမိုးပေါ်တွင်ထပ်ကာ ပြားနေသော ခြင်က တစ်ကောင်မက နှစ်ကောင် ဖြစ်နေသည်။

"မရည်ရွယ်ဘဲ သတ်မိတာပါဘုရား.... ဘွာခတ်ပါ ဘုရား... ဘွာတေးပါ"

သူက ခြင်သတ်ချင်သော်လည်း ငရဲကြောက်လှသူဖြစ်သည်။ ထို့ကြောင့် သူ့လက်ဖမိုးကို ထဘီနှင့် ပွတ်သုတ်ရင်း အယောင်ယောင်အမှားမှား ရေရွတ်လိုက်မိလေသည်။ ဦးဘပွားသည် ခုတင်ခြေရင်းမှ ပေါင်ချိန်စက် ခပ်ပြားပြားလေးပေါ် တက်ရပ်လိုက်သည်။ ထို့နောက် လှုပ်ရှားသွားသော မြားတံလေးကို ငုံ့ကြည့်နေသည်။ မြားတံလေးက ငြိမ်သွားသည်အထိ စောင့်နေရင်း မဲ့ပြုံးပြုံးလိုက်သည်။

"အင်း... နောက်ထပ်တစ်ပေါင်ထပ်ကျသွားပြန်ပြီ" ပေါင်ချိန်စက်ကလေးကို စိတ်အလိုမကျစွာကြည့်ရင်း ဦးဘပွားက ရေရွတ်နေမိသည်။ ထိုသို့ဖြစ်နေရခြင်းအတွက် သူသည် တစ်စုံတစ်ဦးကို အပြစ်တင်ချင်နေသည်။ သို့သော် မည်သူ့ကိုမျှလည်း အပြစ်တင်ရန် အကြောင်းမရှိသည်ကို သူ့ရင်ထဲတွင် ပူဆာဆာကြီးဖြစ်လာတတ်သည်။

"ငါ အမြဲတမ်းပဲဖျားနေတယ်၊ နောက်ပြီး တစ်နေ့တခြားလည်း ပိန်လာနေပြီ၊ ထမင်းကလည်း ဘယ်လိုမှ စားမကောင်းဘူး၊ ဘာဆိုဘာမှ တမ်းတမ်းတတ မစားချင်ဘူး၊ အင်းလေ ဒီရောဂါဆိုတာ ဒီလိုပဲ မစားနိုင် မသောက်နိုင် ဖြစ်လာတတ်တာပဲ"

ဦးဘပွားက ခုတင်ပေါ်တွင် စိတ်ပျက်အားလျော့စွာ ထိုင်လိုက်သည်။

"လူကသာ ပိန်လာတယ်၊ မျက်နှာကျတော့ အမ်းနေတယ်၊ အဲဒါဟာ ရောဂါလက္ခဏာပဲ၊ ငါ့ဗိုက်ထဲမှာ အဲဒီဆဲလ်တွေက ဘယ်လောက်ထိ ပျံ့သွားပြီလည်းမသိ"

ဦးဘပွားသည် သူ၏ အဆုတ်ရှိမည်ထင်သည့် နေရာကို လက်နှင့်အသာအုပ်၍ ထားမိသည်။ သူ့လက်အောက်တွင် အရေပြား၊ ထိုအရေပြားအောက်တွင် အသား၊ ထိုအောက်တွင်ကား ရောဂါဝေဒနာများ ပျံ့နှံ့လွှမ်းခြုံထား၍ ပင်ပန်းကြီးစွာ အလုပ်လုပ်နေရရှာမည့် သူ၏အဆုတ်။

"ငါ့ကိုတော့ သိပ်ပြီး မနာပါစေနဲ့၊ သေရမှာထက် နာရမှာကို ငါပိုပြီးကြောက်တယ်၊ မင်းပြန်မကောင်းနိုင်တော့ဘူး၊ ပျက်စီးရတော့မယ်ဆိုရင် မြန်မြန်ကြီးသာဆက်တိုက် ဖျက်ဆီးပစ်လိုက်ပါကွာနော်၊ တမျှဉ်းမျှဉ်းနဲ့တော့ အချိန်တွေဆွဲမနေပါနဲ့၊ နာကျင်ခံစားနေရမယ့် ဝေဒနာတွေကို ငါကြောက်လွန်းလို့ပါ"

သူက သူ့ရင်ထဲမှ အဆုတ်ကို လှမ်းပြီး တောင်းပန်နေမိသည်။

"ပြောမယ့်သာပြောရတာ ဒီဆဲလ်တွေက အဆုတ်တင်မက အသည်းတွေ ကလီစာတွေဆီကိုလည်း ပျံ့ချင်ပျံ့နေလောက်ပါပြီ"

သူက ဆရာဝန် ဦးကံမြင့်အား "ကျွန်တော်နာတာ၊ ကျင်တာကိုတော့ ကြောက်တယ် ဆရာ၊ အဲဒီဝေဒနာတွေ ကျွန်တော့်ဆီရောက်လာရင်တော့ ဆရာကျွန်တော့်ကို ပတ်သဒင်းသာ အလျင်မပြတ် ထိုးပေးထားပါနော်"ဟုပင် ပြောထားခဲ့ဖူးလေသည်။

"အင်း... အချိန်... အဲဒီအချိန်က တဖြည်းဖြည်းနဲ့တော့ နီးလာနေပါပြီ"

ဦးဘပွားက မွေ့ရာပေါ်တွင် အသာလဲလျောင်းလိုက်သည်။ သူသေလျှင် သည်နေရာ သည်မွေ့ရာပေါ်မှာပဲ သေမှာထင်ပါရဲ့ဟု တွေးနေမိသည်။ ငါသေရင် ဟိုမောင်နှမသုံးယောက်တော့ ငိုကြမှာပဲ၊ အထူးသဖြင့် ကိုဦး သူ့မျက်လုံးလေးတွေ ငါ့ကို အမြဲတမ်း တစ်ခုခုအကူအညီပေးချင်နေတဲ့ မျက်လုံး၊ မေတ္တာပြည့်နေတဲ့ မျက်လုံးလေးတွေ"

ကိုဦးသည် သူ့ကိုအမြဲတမ်းကူညီနေသည်ကို ဦးဘပွားသတိထားမိသည်။ သူတစ်ခါ ချောင်းဆိုးပြီး သီးတုန်းကလည်း ပြေးလာကာ ကျောကိုဖိပေးသည်။ နောက်ကျောတွေတက်ပြီး ကိုက်ခဲနေတုန်းကလည်း ကျောဖက်ကို ပရုတ်ဆီလိမ်းကာ နှိပ်ပေးသေးသည်။ သူ့လက်ကမပေါက်၍အကိုက်အခဲ မပျောက်လှသော်လည်း ဦးဘပွားက အနှိပ်ခံရင်း ကြည်နူးနေမိလေသည်။

ဦးဘပွားသည် လက်ကိုရွှေ့လိုက်ရာတွင် ခေါင်းအုံးဘေးမှ ဓာတ်ပုံလေးကို ဖမ်းမိ၍ လှမ်းယူကာ မြှောက်ကြည့်လိုက်သည်။ သုံးလသားကလေးငယ်လေးတစ်ဦး၏ ပုံဖြစ်သည်။ အသားကလေးဖြူဖွေးပြီး ဆံပင်နီနီကလေးများက ကောက်လိမ်နေသည်။ မျက်လုံးကတော့ အနက်ရောင်ဖြစ်၍ သားလတ်နှင့်တူသော အချက်ကလေးတစ်ချက်တော့ ပါလာသည်ဟု ဆိုရမည်ဖြစ်သည်။

"ကလေးက ချစ်စရာကောင်းပေမယ့် ငါ့စိတ်ထဲမှာငါ့မြေးရယ်လို့ လှိုက်လှိုက်လှဲလှဲလည်း မခံစားရဘူး၊ သူစိမ်းကလေးလေး တစ်ယောက်ရဲ့ ဓာတ်ပုံကို ကြည့်နေရသလိုပဲ"

ဦးဘပွားက ဓာတ်ပုံလေးကိုကြည့်ရင်း ဝမ်းနည်းလာသည်။ ထိုမြေးငယ်နှင့် သူသည် ဘယ်သောအခါမှ ဆုံစည်းနိုင်တော့မည် မဟုတ်ချေ။ ထိုမြေးကိုလည်း မြန်မာပြည်မှ ဦးဘပွားဟူသည့် လူကြီးအကြောင်းကို သားလတ်က ပြောပြလိမ့်မည်ဟု သူမထင်လှပေ။

"ငါသေရင်တော့ သူတို့ခဏတဖြုတ်တော့ ပြန်လာလိမ့်မယ်ထင်ပါရဲ့၊ ကျန်ခဲ့တဲ့အိမ်တွေ၊ မြေတွေကို ရောင်းချခွဲစိတ်ယူကြရဦးမှာကိုး"

ဦးဘပွား ဝမ်းနည်းပမ်းနည်း တွေးလိုက်မိသည်။ သူသေပြီဟူသော သတင်းကိုကြားလျှင် သူ့သား၊ သူ့သမီးတွေ ဘယ်လိုခံစားကြရမလဲဟု တွေးနေသည်။ သမီးကြီးကတော့ မျက်ရည်ကျလိမ့်မည်ဟုသူထင်သည်။ သားနှစ်ယောက်ကတော့ အံ့အားတသင့် ဖြစ်သွားမည်ဟု သူယုံကြည်သည်။

သို့သော် စိတ်နှလုံး ထိခိုက်ကြေကွဲခြင်းမျိုးတော့ဖြစ်လိမ့်မည် မဟုတ်ပေ။ လူတိုင်း၊ လူတိုင်း မလွဲမသွေ လျှောက်ရမည့်လမ်းကို သူတို့ဖခင်လည်း လှမ်းလျှောက်သွားပြီဟုသာ သတ်မှတ်လိုက်ကြမည်ဟု သူထင်နေမိလေသည်။

"ဘ....ဘ....ကြီး"

ကိုဦး၏အသံကိုကြားရသည်။ သူက လဲလျောင်းနေရာမှ အသာထကာ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့သည်။

"ဘဘကြီးအတွက် ပူတင်းလာပို့တာ"

ကိုဦးက ပြုံးချိုစွာ ပြောသည်။

"အန်တီမွှေး လုပ်ပေးလိုက်တာ ဘဘကြီးရဲ့ ကြက်ဥပူတင်းလေ"

"တယ်ဟုတ်ပါလားကွ"

"ဘဘကြီး ထမင်းမစားနိုင်ဘူး၊ ဖျားနေတယ်ဆိုတော့ အန်တီမွှေးက ချောင်းတွေလည်း အရမ်းဆိုးနေတာ ကြားရတယ်တဲ့၊ အားရှိအောင် ပူတင်းလေး ဖုတ်ပေးမယ်ဆိုပြီး လုပ်ပေးလိုက်တာ၊ သိပ်ကောင်းတာပဲ ဘဘကြီးရ၊ အခု စားမလားဟင်"

"အေး ကောင်းသားပဲ"

စားချင်စိတ် မရှိလှသော်လည်း ဦးဘပွားက အလိုက်သင့် ပြောလိုက်သည်။ ဝမ်းသာသွားဟန်ရှိသော ကိုဦးက ထမင်းစားခန်းထဲမှ ဇွန်းကလေးတစ်ချောင်း ပြေးယူသည်။ ပူတင်း ပန်းကန်လေးတွင် ဇွန်းကိုအသင့်တင်ကာ လှမ်းပေးသည်။

ကိုဦးကျေနပ်စေရန် တစ်ဇွန်းခပ်၍ ပါးစပ်ထဲသွင်းလိုက်သော်လည်း ဦးဘပွားက အရသာရှိလိမ့်မည်ဟုမထင်ပေ။ သို့သော် မထင်မှတ်ဘဲ စားကောင်းသွား၍ "ကောင်းတယ်ဟေ့" ဟုပြောကာ နောက်တစ်ဇွန်းထပ်၍ ခပ်သည်။

"အန်တီမွှေးကပြောတယ် ဘဘကြီး ကြိုက်ရင် ထပ်လုပ်ပေးမယ်တဲ့" "ကလင်... ကလင်"

အိပ်ခန်းထဲမှ တယ်လီဖုန်းသံကြားတော့ ဦးဘပွား အတန်ငယ် စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ သူက မိတ်ဆွေအပေါင်းအသင်းများကို အကုန်အဆက်ဖြတ်ပြီး အေးအေးနေသဖြင့် သူ့ဆီသို့ အရေးကိစ္စအထူးတလည်မရှိဘဲ တယ်လီဖုန်းဆက်သူမရှိလှ၊ အခုအချိန်မှာ မည်သူ၏အရေးကိစ္စကိုမှ သူစိတ်မဝင်စား၊ ကုန်ကုန်ပြောလျှင် ကိုယ့်ကိစ္စ၊ ကိုယ့်အရေး၊ (ဥပမာ ဘဏ်မှ ငွေရေးကြေးရေးကိစ္စ) ကိုပင်မကြားချင်။

"ဘဘကြီး တယ်လီဖုန်း"

"မင်း သွားကိုင်လိုက်စမ်းပါကွာ"

"ဟင် ကျွန်တော်"

"အေး ဦးဘပွား အပြင်ထွက်သွားတယ်၊ ဘယ်သူဆက်တာလဲလို့ မေးထားလိုက်"

ပူတင်းပျော့ပျော့လေးက နူးနူးညံ့ညံ့ရှိလှသည်။ သူ့လည်ချောင်းတစ်လျှောက် ရှောခနဲ ရှောခနဲ ဆင်းသွားသည်။ မနက်ခင်းကတည်းက ဘာဆိုဘာကိုမှ မည်မည်ရရ စားမထားသည့်အတွက် ရင်ထဲတွင်ဟာကာ ဆာလောင်နေသည်ကို ယခုမှပင် သတိထားမိသည်။

"ဟုတ်ကဲ့ခင်ဗျ၊ ဦးဘပွား အိမ်ကပါ၊ ဟုတ်ကဲ့ ဦးဘပွား အပြင်ထွက်သွားပါတယ်၊ ဟယ်လို... ဟယ်လို ဟာ.. ဖေဖေ ဖေဖေလား ကျွန်တော်ပါ ကိုဦးပါ"

ကိုဦးက တယ်လီဖုန်းပြောရင်းမှ ဝမ်းသာအားရ လှမ်းအော်သည်။

"ဘဘကြီးရေ ဖေဖေရယ် ဖေဖေဆက်တာ"

*ဆက်လက်ဖော်ပြပါမည်*




ဤကဏ္ဍတွင် ဖော်ပြသော အကြောင်းအရာများသည် ပေးပို့သူ၏ အာဘော်သာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

*စာတည်းအဖွဲ့*

## ကော့သောင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် အိမ်တွင်းတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးသောကြောင့် တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ လူထုအခြေပြုဗဟိုဌာန၊ Community Centre ခန်းမတွင် အိမ်တွင်းတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးသောကြောင့် ဒေသခံပြည်သူများက တာဝန်ရှိသူများကို ကျေးဇူးတင်လျက်ရှိကြပါတယ်။

"သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကော့သောင်းခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ကော့သောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အိမ်တွင်းတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည်၊ အလှဖယောင်း ပြုလုပ်နည်းနဲ့ ပရုတ်ဆီပြုလုပ်နည်းများအပါအဝင် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းကို ဖွင့်လှစ်ပေးလို့ ကျွန်မတို့ အိမ်ထောင်ရှင်မတွေအနေနဲ့ အိုးမကွာ၊ အိမ်မကွာဘဲ အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်တတ်လာပါတယ်။ ဒါကြောင့် အခုလို သင်တန်းဖွင့်လှစ်ပေးတဲ့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်"

*သင်တန်းတက်ရောက်သူအိမ်ထောင်ရှင်မတစ်ဦး*

*နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ဝေဖန်အကြံပြုလိုပါက ပြည်သူများ၏ အတွေးအမြင်များ၊ သုံးသပ်ချက်များနှင့် ဝေဖန်အကြံပြုချက်များကို ပြည်သူ့အသံကဏ္ဍသို့ ပေးပို့နိုင်ပါသည်။*

## သိကြားဟစ်ဘုရားတွင် ရှေးရည်ရေးဘုရားပုံတော် အသစ်များတွေ့ရှိ



မန္တလေးတိုင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သိကြားဟစ်ဘုရားရှိ နံရံဆေးရေး ပန်းချီများတွင် ရှေးဟောင်းသုတေသနဆိုင်ရာ ရှေးရည်ရေး ဘုရားပုံတော်အသစ်များ တွေ့ရှိရကြောင်း သိရှိရသည်။

အဆိုပါ ဘုရားရှိ နံရံဆေးရေး ပန်းချီများမှာ ပျက်စီးမှုများဖြစ်ပေါ်နေပြီး အင်္ဂတေပန်းလက်ရာများ၊ နံရံများတွင် အက်ကွဲကြောင်းများ ပေါ်နေသည့်အတွက် ရှေးဟောင်းသုတေသနဌာနက ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ အဆောက်အအုံထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့ရာမှ တစ်ဆင့် ထိုသို့တွေ့ရှိရခြင်း ဖြစ်သည်။ နံရံဆေးရေး ဘုရားပုံတော်များတွင် မျက်နှာတော်၊ လည်ပင်းတော်၊ ခန္ဓာကိုယ်အပေါ်ပိုင်း၊ ညာဘက်လက်တော်တို့နှင့် ခြေဖဝါးနှစ်ဖက်တို့တွင် ရွှေစင်ရွှေသားများ ထင်ရှားစွာ ကျန်ရှိနေသေးပြီး ဆေးရေးပုံတော်များ၏ သွင်ပြင်လက္ခဏာတို့မှာ ညောင်ရမ်းခေတ်ဟန်ဖြစ်ကာ ဆေးရေးပုံတော်များ ဘေးတွင် မြတ်စွာဘုရားရှင်အား လက်အုပ်မိုးပူဇော်နေဟန် လူရုပ်များကို ရေးဆွဲထားကြောင်း တွေ့ရသည်။

အသစ်တွေ့ရှိရသည့် ရွှေစင်ရွှေသားများဖြင့် တန်ဆာဆင်ထားသည့် ဘုရားပုံတော်ငါးဆူ၏ အောက်ခြေတွင် မင်စာရေးထိုးထားပြီး မင်စာတွင် သက္ကရာဇ် ၉၄၃ ခုနှစ်ဟု ပါရှိသည့်အတွက် အေဒီ (၁၆) ရာစုဟု ယူဆရပြီး ထိုသို့တွေ့ရှိခြင်းသည် ပထမဆုံးအသစ်တွေ့ရှိမှုဖြစ်ပြီး မည်သည့်ရှေးဟောင်းနေရာများတွင်မှ ထိုကဲ့သို့ နံရံဆေးရေးပန်းချီများတွင် ရွှေရည်ရေး(ရွှေချ)သည့် အထောက်အထား မတွေ့ရှိရသေးကြောင်း သိရသည်။

*ကိုအောင်*

## မဲစာရင်းများကို သက်ဆိုင်ရာကော်မရှင်ရုံးခွဲများတွင် ကြည့်ရှုပြီး ပြင်ဆင်လွှာများ တင်သွင်းနိုင်

ကျင်းပရန် နီးကပ်လာပြီဖြစ်သည့် အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲစာရင်းများကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာကော်မရှင်ရုံးခွဲများတွင် ကပ်ထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က အသိပေးထားသည်။

အဆိုပါပုံစံများကိုလည်း ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပြီး ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားမည်ဖြစ်သည်။ လာမည့်ရွေးကောက်ပွဲ အပိုင်း (၁)ကို မြို့နယ် (၁၀၂) မြို့နယ်၌ ဒီဇင်ဘာလ (၂၈)ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးထားသည်။

*ကိုဘုန်း*

## ဓမ္မစာစု

### သားမြတ် သမီးမြတ်တို့၏ အင်္ဂါ (၅)ရပ်

ထိုပုဂ္ဂိုလ်တို့သည် -

(၁) အလှူဒါနပြုခြင်းကို ပြုလုပ်ရမည်။

(၂) ငါးပါးသီလလုံခြုံအောင် ကျင့်ကြံရမည်။

(၃) ရဲရင့်တည်ကြည်သော စိတ်ဓာတ်ရှိရမည်။

(၄) အတတ်ပညာသင်ယူရာ၌ ခွဲခြမ်းနိုင်သည့်စိတ်ဓာတ် ရှိရမည်။

(၅) စီးပွားဥစ္စာ ရှာဖွေရာ၌ ဖွဲ၊ လုံ့လ၊ ဝီရိယရှိရမည်။

ဤသို့သောအင်္ဂါ (၅)ရပ်နှင့်ပြည့်စုံသော သား၊ သမီးတို့သည် သားမြတ်၊ သမီးမြတ် ရတနာများဖြစ်ကြ၏။

*(မဟာကမ္မဋ္ဌာန စရိယ သဒ္ဓမ္မရံသီ ဆရာတော်ကြီး၏ ဩဝါဒ)*

*အရှင်သုဓမ္မသာရ (အောင်စကြာကျောင်း)*

## စကားပုံမှပေးသောအသိများ

### ဇီးကွက်လောက်တော့ ငှက်တိုင်းလှ

ဇီးကွက်၏အလှမျှလောက်ကား ငှက်တိုင်းတွင်ရှိသည် ဖြစ်သကဲ့သို့ သာမန်မျှလောက်သော အရည်အချင်းမျိုးကား လူတိုင်း၌ ရှိသည်ချည်းဖြစ်သည်။

"ဇီးကွက်လောက်တော့ငှက်တိုင်းလှရဲ့၊ သည်လိုယုန်တော့ ချိုတိုင်းရှိရဲ့" စသည်ဖြင့် နှုတ်ခမ်းစုကာ၊ ပါးစပ်ရွဲ့ကာ၊ မျက်စောင်းထိုးကာနှင့် ပြောဆိုကဲ့ရဲ့ တတ်ခြင်း" ဟု ဆိုလိုခြင်း ဖြစ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစကားပုံစာအုပ်*

## သဒ္ဒါအသုံးအနှုန်း

### အက္ခရာနှင့် ကိန်းဂဏန်းရေးဆွဲပုံ

မြန်မာအက္ခရာများအနက် ဥ၊ ဍ၊ ဍ္ဍ၊ ၓ၊ ဠ၊ အ အက္ခရာများကို ရေးဆွဲရာ၌ မှားတတ်သည်။

ထိုအက္ခရာများကို ဆင့်ရေးရသောအခါ သတိမထားမိလျှင် ပိုမှားနိုင်သည်။ အက္ခရာဆင့်ပုံ စနစ်ကို သိထားလျှင် ထိုအမှတ်မဲ့ အမှားမျိုးမှ ကင်းနိုင်သည်။ ထိုနည်းတူ မြန်မာကိန်းဂဏန်းများကို ရေးဆွဲရာမှာလည်း မှန်ကန်ပီသရန်လိုသည်။ သို့မဟုတ်ပါက ကိန်းဂဏန်းအချင်းချင်းသော်လည်းကောင်း၊ အက္ခရာတစ်ခုခုနှင့်သော်လည်းကောင်း မှားတတ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစာမြန်မာစကားစာအုပ်မှ*

## သိမှတ်လေ့လာအင်္ဂလိပ်စာ

| | | | |
|---|---|---|---|
| ၁။ | Appraise | (v) | တန်ဖိုးဖြတ်သည်။ |
| ၂။ | Bedazzle | (v) | ရှုပ်ထွေးစေသည်။ |
| ၃။ | Chide | (v) | အပြစ်ဆိုသည်၊ ဝေဖန်သည်။ |
| ၄။ | Devalue | (v) | နှိမ့်ချသည်။ |
| ၅။ | Engulf | (v) | လွှမ်းမိုးသည်။ |
| ၆။ | Gratify | (v) | ဝမ်းမြောက်စေသည်။ |
| ၇။ | Impress | (v) | သဘောကျစေသည်။ |
| ၈။ | Relieve | (v) | ဝေဒနာသက်သာစေသည်။ |
| ၉။ | Soothe | (v) | နှစ်သိမ့်သည်။ |
| ၁၀။ | Tempt | (v) | လှုံ့ဆော်သည်။ |

အတွဲ(၂၂)၊ အမှတ်(၂၀)၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နိုင်ငံကျော်ဂျာနယ်

# စလင်းမြို့နယ်၌ ချည်မျှင်ရှည်ဝါသီးနှံကို ယခင်နှစ်ထက် ဧကပေါင်း ၂၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၃၁၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ယခင်နှစ်ကထက် ဧကပေါင်း ၂၀၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ယခုနှစ် စိုက်ပျိုးရာသီ၌ ဌာနအစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါသီးနှံအဖြစ် ရွှေတောင် ၈၊ ရွှေတောင် ၁၀၊ ငွေချည် ၁၁ စသည့် မျိုးသန့် ဝါစေ့ ၁၇၉၀ ဧကစာကို ကြိုတင်စုဆောင်း၍ ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် ပံ့ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် မျိုးသန့် ဝါစေ့များအား မျိုးစားပေးစနစ်ဖြင့် ၆၅၀ ဧကစာအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၂၀ ကို ပံ့ပိုးထားရှိပြီး ထပ်မံ၍ ဝါသီးနှံ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ ဒေသခံတောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများကိုဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဒီနှစ်မှာတော့ ရွှေတောင် ၁၀ ဝါမျိုးသန့်စေ့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ မျိုးစားပေးစနစ်နဲ့ ထုတ်ယူပြီးတော့ ဝါစိုက်ဧကကို ၇ ဧကကျော် စိုက်ပျိုးထားပါတယ်။ ဒီနှစ်ရာသီဥတုက မိုးဦးနဲ့ မိုးလယ်မှာ အဆင်ပြေပြီးတော့ အခု မိုးနှောင်းပိုင်းမှာ မိုးရွာသွန်းမှု အနည်းငယ် နည်းနေသေးတယ်ဗျ။ မိုးအလျှင်သင့်ရင်တော့ သီးနှံစိုက်တောင်သူတွေအတွက် ဒီနှစ် ဝါအထွက်နှုန်းက အရင်နှစ်ကထက် ပိုမိုရရှိမှာ သေချာပါတယ်” ဟု စလင်းမြို့နယ် အင်ကြင်းပင်လှကျေးရွာအုပ်စုမှ ဝါသီးနှံစိုက်တောင်သူ ဦးငွေငြိမ်းက ရှင်းပြသည်။


ဓာတ်ပုံ – မောင်မောင်(မင်းဘူး)

စလင်းမြို့နယ်၌ စက်မှုကုန်ကြမ်းအဖြစ် ဝါသီးနှံအား ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၂၉၀၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့အတူ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၃၁၂၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ဧကပေါင်း ၂၁၄၇ ဧကအထိ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကာ ယခုလက်ရှိတွင် ဝါသီးနှံ စိုက်ပျိုးခင်းများ အောင်မြင်ဖြစ် ထွန်းလျက်ရှိကြောင်း သိရသည်။

*မောင်မောင်(မင်းဘူး)*

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ရွှေဘိုပေါ်ဆန်း | ပြည် | ၈၃၀၀ |
| ၂။ | ညှော်မထ | ။ | ၄၂၀၀ |
| ၃။ | မြေပဲဆီ | တစ်ပိဿာ | ၂၅၀၀၀ |
| ၄။ | နှမ်းဆီ | ။ | ၂၁၂၀၀ |
| ၅။ | စားအုန်းဆီ | ။ | ၆၅၈၅ |
| ၆။ | ကုလားပဲကြမ်း | ။ | ၈၀၀၀ |
| ၇။ | ပဲနီလေး | ။ | ၁၉၀၀၀ |
| ၈။ | ပဲကြီး | ။ | ၉၀၀၀ |
| ၉။ | စားတော်ပဲ | ။ | ၁၁၅၀၀ |
| ၁၀။ | ကြက်သွန်နီ | ။ | ၂၃၀၀ |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁၁။ | အာလူး | တစ်ပိဿာ | ၈၀၀၀ |
| ၁၂။ | ကြက်သား | ။ | ၂၀၀၀၀ |
| ၁၃။ | ဝက်သား | ။ | ၃၆၀၀၀ |
| ၁၄။ | အမဲသား | ။ | ၃၅၀၀၀ |
| ၁၅။ | ဆိတ်သား | ။ | ၆၂၀၀၀ |
| ၁၆။ | ငါးခူ | ။ | ၃၀၀၀၀ |
| ၁၇။ | ငါးကျည်း | ။ | ၃၈၀၀၀ |
| ၁၈။ | ငါးမြစ်ချင်း | ။ | ၁၈၀၀၀ |
| ၁၉။ | ပုစွန်တုပ် | ။ | ၆၀၀၀၀ |
| ၂၀။ | ပုစွန်ကျော့ | ။ | ၂၈၀၀၀ |

| စဉ် | Fuel (လက်လီ) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၈၃၀ | ၂၉၄၀ |
| ၂။ | 95 Ron | ၂၈၉၅ | ၃၀၁၀ |
| ၃။ | HSD (500 ppm) | ၂၅၄၅ | ၂၆၅၅ |
| ၄။ | HSD (50 ppm) | ၃၁၁၅ | ၃၂၃၀ |
| ၅။ | HSD (10 ppm) | ၃၁၁၅ | ၃၂၃၀ |

| စဉ် | Fuel (လက်ကား) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၆၆၄ | ၂၇၅၁ |
| ၂။ | 95 Ron | ၂၇၃၀ | ၂၈၁၈ |
| ၃။ | HSD (500 ppm) | ၂၃၈၈ | ၂၄၆၅ |
| ၄။ | HSD (50 ppm) | ၂၉၄၂ | ၃၀၃၀ |
| ၅။ | HSD (10 ppm) | ၂၉၄၂ | ၃၀၃၀ |

အထက်ပါ ကုန်စည်ဈေးနှုန်းများသည် အောက်တိုဘာလ ဒုတိယပတ် ဈေးနှုန်းများဖြစ်ပြီး အချိန်အခါနှင့် ဒေသကိုလိုက်၍ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ငါးနှစ်အတွင်း ဒီရေတောဖုံးလွှမ်းမှု ဧရိယာဧက ၁ ဒသမ ၂ သိန်းခန့် တိုးတက်လာ


ဓာတ်ပုံ – MOI

မြန်မာနိုင်ငံအနေဖြင့် ဒီရေတောဖုံးလွှမ်းမှုဧရိယာ ဧက စုစုပေါင်း ၁ ဒသမ ၂၆ သန်းရှိပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒီရေတောဖုံးလွှမ်းမှု ဧရိယာဧက ၁ ဒသမ ၂ သိန်းခန့် တိုးတက်လာကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာရေးနှင့် သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်း ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဒီရေတောစိုက်ခင်းများ ထပ်မံတိုးချဲ့တည်ထောင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

သဘာဝဒီရေတောများနှင့် ဒီရေတောစိုက်ခင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရာသီဥတု ဖောက်ပြန်မှုကို လျော့ကျစေခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်ပျက်စီးမှုများကို အဟန့်အတားဖြစ်စေခြင်း၊ ငါး၊ ပုစွန်တို့ ပေါက်ပွားရာနေရာများ တိုးပွားလာစေခြင်း၊ ဒေသခံများ၏ လူနေမှုဘဝတိုးတက်လာစေရန် အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည့်အတွက် ဒေသခံများအနေဖြင့် မိမိတို့ဒေသရှိ ဒီရေတောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီရေတောစိုက်ခင်း ဧက ၂၃၀၀၊ အပင် ၂ ဒသမ ၇၈ သန်း တည်ထောင် စိုက်ပျိုးလျက်ရှိကြောင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီမှစတင်၍ ဒီရေတောစိုက်ခင်းဧက ၃၃၀၀၊ အပင် လေးသန်းခန့် တိုးချဲ့တည်ထောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

*ငြိမ်းအိ*

# လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် အဏုမြူစွမ်းအင်အသုံးပြုနိုင်ရန် လုံခြုံသည့်နေရာများကို ရွေးချယ်သွားမည်

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည့် အဏုမြူစွမ်းအင် အသုံးပြုနိုင်ရန် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုံခြုံသည့်နေရာများကို ရွေးချယ်သွားမည်ဟု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့သည်။

“မြန်မာနိုင်ငံ တိုးတက်ဖို့ဆိုရင် လျှပ်စစ်စွမ်းအားက ဘယ်လောက်ထိ လိုတယ်ဆိုတာကို အားလုံးက သိပြီးဖြစ်ပါလိမ့်မယ်။ လျှပ်စစ်စွမ်းအားလိုတဲ့နေရာမှာ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်ရရှိဖို့ အရေးကြီးပါတယ်။ ဥပမာ– ဆိုလာကနေလျှပ်စစ်ရမယ်။ လေကနေလျှပ်စစ်ရမယ်။ ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စက်တွေကနေ လျှပ်စစ်စွမ်းအင်တွေရမယ်”ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့သည်။

အဏုမြူစွမ်းအင်သည် လုံခြုံမှုရှိသောစွမ်းအင်ဖြစ်ပြီး တည်ငြိမ်သောလျှပ်စစ်ကို ပေးနိုင်သည်။ အဏုမြူစွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် အစပိုင်း၌ ရင်းနှီးမြှုပ်နှံမှုကြီးမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် တည်ငြိမ်သည့် လျှပ်စစ်စွမ်းအားနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နျူကလီးယားစွမ်းအင်အား မြန်မာနိုင်ငံအနေဖြင့် ထိတွေ့လာပြီး ယင်းစွမ်းအင်နှင့်ပတ်သက်၍ သုတေသနပြုမှုများ၊ ဆေးဝါးဆိုင်ရာသုတေသနပြုမှုများနှင့် ကျန်သုတေသနလုပ်ငန်းများ အားလုံးကို ဆောင်ရွက်နိုင်မည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် စွမ်းအင်တစ်ခုဖြစ်သည်။

*ဆုလတ်*

# ရွေးကောက်ပွဲနှင့် နိုင်ငံသားတစ်ဦးရဲ့တာဝန်

မောင်ကမ္ဘာ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို ဩဂုတ်လ ၁၅ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်လိုက်ပါတယ်။**

**ရွေးကောက်ပွဲရဲ့ထူးခြားချက်**

ယခုတစ်ကြိမ်ကျင်းပမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ ထူးခြားချက်ကတော့ ယခင်မူလမဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)အပြင် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၂၆ နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၄၂ နယ်တို့မှာ အချိုးကျကိုယ်စားပြုစနစ် (PR) ကို ထည့်သွင်းကျင်းပထားခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေ မဲပေးရာမှာ မှန်ကန်လွယ်ကူစေဖို့နဲ့ မဲမသမာမှုများမဖြစ်ပွားစေဖို့ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသုံးပြုမဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးခြင်းဖြင့် မဲရုံပိတ်သိမ်းချိန်မှာ အရင်ကလို မဲလက်မှတ်တွေကို ထုတ်ယူရေတွက်မှုမျိုး မဟုတ်ဘဲ မဲပေးသူအရေအတွက်နဲ့ ပါတီအလိုက် မဲရလဒ်အရေအတွက်ပါတဲ့ မဲရလဒ်စာရွက်ကို မဲပေးစက်ကနေ ပရင့်ထုတ်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း ထွက်လာမှာဖြစ်တဲ့အတွက် အချိန်တိုအတွင်း မဲရလဒ်များရေတွက်နိုင်ခြင်း၊ တိကျတဲ့ မဲရလဒ်တွေ ရရှိနိုင်ခြင်းစတဲ့ အားသာချက်တွေ ရှိတယ်လို့ သိရပါတယ်။

MEVM မဲပေးစက်နဲ့မဲပေးပြီး ပရင့်ထုတ်လိုက်တာနဲ့ မဲရလဒ်က တန်းထွက်လာမှာဖြစ်ပြီး ပါတီအလိုက် မဲရလဒ်၊ ပရင့်ထုတ်တဲ့အချိန် နာရီ အတိအကျအပြင် မဲပေးစက်၊ မဲပုံး၊ ထိန်းချုပ်စက်တွေမှာပါတဲ့ စက်နံပါတ်တွေအတိအကျနဲ့ မဲရလဒ်စာရွက်က ထွက်လာမှာဖြစ်ပါတယ်။ မဲလက်မှတ်တွေကို မဲရလဒ်အပေါ် ကန့်ကွက်လွှာတင်လာတဲ့ အချိန်မျိုးမှအပ အရင်ကလို မဲလက်မှတ်တွေကိုဖွင့်ဖောက်ရေတွက်စရာမလိုတော့ဘူးလို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၄ ရက်က ကျင်းပတဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ပတ်သက်ပြီး သတင်းမီဒီယာများကို ရှင်းလင်းပြသခြင်းနဲ့ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။

E-Voting စနစ်ကို အာဂျင်တီးနား၊ ဘရာဇီး၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ ဗင်နီဇွဲလားစတဲ့ နိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံမှာ အသုံးပြုလျက်ရှိတယ်လို့လည်း ဆိုပါတယ်။ အဲဒီနိုင်ငံတွေမှာ အသုံးပြုလျက်ရှိတဲ့ အီလက်ထရောနစ်မဲပေးစက်တွေကိုလေ့လာပြီး မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ စာတတ်မြောက်မှုနှုန်း၊ နားလည်မှုအခြေအနေတို့နဲ့ အကိုက်ညီဆုံးဖြစ်တဲ့ဒီဇိုင်းကို တီထွင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

MEVM မဲပေးစက်နဲ့ မဲပေးတဲ့အခါမှာ မဲပေးမယ့် မဲဆန္ဒရှင်ဟာ လျှို့ဝှက်မဲပေးစနစ်နဲ့သာ မဲပေးရမှာဖြစ်ပြီး ယခင်က မဲလက်မှတ်တွေလို ပယ်မဲမရှိနိုင်ကြောင်း သိရပါတယ်။

**မဲဆန္ဒရှင်ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပဲလို**

မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကတော့ စနစ်တကျခြေလှမ်းမှန်မှန်နဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ မြန်မာ့မြေမှာ ဒီမိုကရေစီစနစ်ခိုင်မြဲရေးအတွက် အရွေ့တစ်ခုဖြစ်တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်နိုင်ဖို့ ဒီမိုကရေစီစနစ်ကို မြတ်နိုးတဲ့၊ လိုလားတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အရေးပါလှတဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပဲ လိုပါတော့တယ်။

ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ်ဆိုရင် ပါလီမန်(လွှတ်တော်)ရှိရပါမယ်။ လွှတ်တော်မှာပြည်သူတွေက ပြည်သူ့ဆန္ဒနဲ့ရွေးကောက်တင်မြှောက်လိုက်တဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေရှိရပါမယ်။ ပြည်သူ့ကိုယ်စားလှယ်တွေကိုရွေးကောက်တင်မြှောက်နိုင်မယ့်ရွေးကောက်ပွဲတွေရှိရပါမယ်။ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီတွေရှိရပါမယ်။ ပါတီကိုယ်စားပြုနိုင်ငံရေးသမားနဲ့ တစ်သီးပုဂ္ဂလနိုင်ငံရေးသမားတွေက ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်အရွေးခံကြရပါမယ်။

ဒါမှသာ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်တွေကို လွှတ်တော်ခေါ်ယူခြင်း၊ လွှတ်တော်ကို စနစ်တကျလွှဲပြောင်းခြင်းနဲ့ လွှတ်တော်အသစ်က လွှတ်တော်အစည်းအဝေးကျင်းပပြီး အနိုင်ရပါတီက နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်း၊ပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်း၊ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ယင်းမှတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ ခန့်အပ်ခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ ဆက်လက်ဖွဲ့စည်းခြင်းတွေကို အစီအစဉ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီမိုကရေစီစနစ်မှာ တိုင်းရေးပြည်မှုတွေကို စီမံခန့်ခွဲမယ့်ပြည်သူ့ကိုယ်စားလှယ်တွေကို အသည်းကြားမှမဲပြားကိုထုတ်ပြီး ဆန္ဒမဲနဲ့ ရွေးချယ်တင်မြှောက်ကြမယ့် မဲဆန္ဒရှင်ပြည်သူတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးပါလှပါတယ်။

မဲဆန္ဒရှင်တွေရဲ့အခန်းကဏ္ဍက ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးရုံနဲ့တာဝန်ကျေပြီ၊ ပြီးဆုံးပြီလို့လည်း ဆိုလို့မရပါဘူး။ နိုင်ငံတော်ရဲ့ ရှေ့အနာဂတ်အတွက် လူတော်လူကောင်း၊ လူကောင်းလူမွန် လူရည်ချွန်များကို သေချာစိစစ်ရွေးချယ် တာဝန်ပေးအပ်နိုင်မှသာ မဲဆန္ဒရှင်တစ်ဦးရဲ့ တာဝန်ပြီးမြောက်မှာဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတွေမှာ နိုင်ငံရေးသမားတွေရဲ့အခန်းကဏ္ဍကို မျက်ကွယ်ပြုထားလို့မရပါဘူး။ တိုင်းပြည်ရဲ့အကောင်းအဆိုး၊ အနိမ့်အမြင့်အတက်အကျဟာမိမိရွေးကောက်တင်မြှောက်လိုက်တဲ့ နိုင်ငံရေးသမားတွေရဲ့လက်ထဲမှာ တည်ရှိနေလို့ပဲဖြစ်ပါတယ်။

> **“မြန်မာ့မြေမှာ ဒီမိုကရေစီစနစ်ခိုင်မြဲရေးအတွက် အရွေ့တစ်ခု ဖြစ်တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်နိုင်ဖို့ ဒီမိုကရေစီစနစ်ကို မြတ်နိုးတဲ့၊ လိုလားတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အရေးပါလှတဲ့ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုပဲ လိုပါတော့တယ်”**

**စံနှုန်းတွေ သတ်မှတ်လေ့ရှိ**

ဒီမိုကရေစီ သက်တမ်းရင့်နိုင်ငံကြီးတွေက မဲဆန္ဒရှင်အများစုကတော့ တိုင်းပြုပြည်ပြု၊ တိုင်းရေးပြည်မှုလုပ်ငန်းတွေကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမယ့်ပုဂ္ဂိုလ်တွေဟာ သာမန်လူအဆင့်ထက်ပိုပြီး ကိုယ်ရည်ကိုယ်သွေးပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးနဲ့ အကျင့်စရိုက်ပိုင်းမှာ ကောင်းမွန်သူဖြစ်ရမယ်ဆိုတဲ့ စံနှုန်းတွေ သတ်မှတ်လေ့ရှိပါတယ်။

သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိမ်နီးချင်း အိန္ဒိယသမ္မတနိုင်ငံမှ မြို့နေမဲဆန္ဒရှင်အချို့ကတော့ လွန်ခဲ့တဲ့ဆယ်စုနှစ်ကျော်ခန့်က ကောက်ယူခဲ့တဲ့ အိန္ဒိယနိုင်ငံရေးလောကအရည်အသွေးမြှင့်တင်ရေးနဲ့ပတ်သက်တဲ့ စစ်တမ်းတစ်ခုမှာ ၎င်းတို့ဆန္ဒမဲပေးသူကိုယ်စားလှယ်ဟာ သန့်ရှင်းတဲ့ပုံရိပ်ရှိရမယ်၊ ပညာတတ်ဖြစ်ရမယ်၊ ရာဇဝတ်ပြစ်မှုနောက်ကြောင်းမရှိသူ ဖြစ်ရမယ်လို့ သဘောထားမှတ်ချက်ပြုခဲ့ကြပါတယ်။

ဗြိတိန်နိုင်ငံမှ မဲဆန္ဒရှင်အချို့ကတော့ နိုင်ငံရေးပါတီတစ်ခုကို ကြိုက်ခြင်း၊ မကြိုက်ခြင်းအပေါ် မဲဆန္ဒပေးခြင်းထက် မဲဆန္ဒနယ်က ကိုယ်စားလှယ်လောင်းကိုကြိုက်ခြင်း၊ မကြိုက်ခြင်းက ပိုပြီးအဓိကကျတယ်လို့ ယူဆလေ့ရှိကြတယ်။ နိုင်ငံရေးပါတီ မူဝါဒထက် အမတ်လောင်းရဲ့ အရည်အချင်းကို ကြည့်ပြီးဆုံးဖြတ်ခြင်းက ဒီမိုကရေစီနည်းလမ်းပိုကျတယ်လို့ ယုံကြည်ကြတယ်။

ဝင်စတန်ချာချီကတော့ “နိုင်ငံရေးသမားဆိုတာ မနက်ဖြန်ဘာဖြစ်မလဲ၊ နောက်အပတ်၊ နောက်လ ဘာဖြစ်မလဲ၊ နောင်နှစ်ဘာဖြစ်မလဲ ကြိုတင်ပြောနိုင်စွမ်းရှိရတယ်။ ဒါ့အပြင် နောက်ပိုင်းမှာလည်း ဘာကြောင့် သူပြောခဲ့တာတွေ ဖြစ်မလာတာလဲဆိုတာကိုလည်း ရှင်းလင်းနိုင်စွမ်းရှိရတယ်”လို့ ဆိုပါတယ်။

နိုင်ငံရေးပညာရှင်တစ်ဦးကတော့ “လူထုနဲ့ ဆက်ဆံရာမှာ နိုင်ငံရေးသမားဟာ ရိုးသားမှုရှိဖို့လိုတယ်။ အခက်အခဲတွေကို စောစောစီးစီးကြိုပြောထားရမယ်။ အခက်အခဲတွေကို ကျော်လွှားဖို့ ဘယ်လောက်ကြာကြာ အချိန်ယူရနိုင်တယ်ဆိုတာကိုလည်း ကြိုတင်အစီရင်ခံထားရမယ်”လို့ ဆိုပါတယ်။ ဒါကြောင့်မို့ ဒီမိုကရေစီ သက်တမ်းရင့် နိုင်ငံကြီးတွေက *စာမျက်နှာ ၁၂ သို့*

## ဒို့ ကျေး ရွာ ကာ တွန်း



# "The Trauma Code: Heroes on Call" အတွဲ (၂)နှင့် (၃) ဆက်လက်ထွက်ရှိမည်

တောင်ကိုရီးယား သရုပ်ဆောင် မင်းသားကြီးဂျူဂျီဟွန်း၏ လူကြိုက်များခဲ့သည့် နာမည်ကြီးစီးရီး "The Trauma Code: Heroes on Call" ကို အတွဲ(၂)နှင့် အတွဲ(၃) ဆက်လက်၍ ထွက်ရှိရန် ပြင်ဆင်နေကြောင်း သိရသည်။

Netflix ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သည့် "The Trauma Code: Heroes on Call" ဇာတ်လမ်းတွဲသည် အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန် အီနဲ့ခ်ဂျွန်ကို အခြေခံရေးသားထားသော ထူးချွန်ခွဲစိတ်ဆရာဝန် ဘဲ့ဂန်ဟျော့ အကြောင်းကို ဇာတ်အိမ်တည်ရိုက်ကူးထားခြင်းဖြစ်သည်။ ဇာတ်လမ်းတွင် ဘဲ့ဂန်ဟျော့သည် အခက်အခဲများကြားမှ ရုန်းကန်နေရသည့် အရေးပေါ်ဌာနကို ကာကွယ်ရန် တက္ကသိုလ်ဆေးရုံသို့ ရောက်ရှိလာခဲ့ပြီး သူသည် ကမ္ဘာတစ်ဝန်း ပဋိပက္ခဇုန်များ၏ အတွေ့အကြုံများမှတစ်ဆင့် ထူးခြားသည့် ခွဲစိတ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားသော ဆရာဝန်တစ်ဦးဖြစ်သည်။ သူ၏ ရိုးရှင်းသောနည်းလမ်းများနှင့် မတုန်မလှုပ်သော ယုံကြည်မှုတို့က အစပိုင်းတွင် ဖွဲ့စည်းထားသော အဖွဲ့နှင့် ကွဲလွဲမှုတို့ကို ဖန်တီးထားသည်။

အဆိုပါ ဇာတ်လမ်းတွဲ အတွဲ(၁)ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလက ထွက်ရှိခဲ့ပြီး ပြည်တွင်းမှာသာမက ကမ္ဘာတစ်ဝန်းတွင် အောင်မြင်မှုများရရှိခဲ့ကာ အဓိကဇာတ်ကောင် ဘဲ့ဂန်ဟျော့အဖြစ် သရုပ်ဆောင်ခဲ့သည့် မင်းသား ဂျူဂျီဟွန်းသည် ၆၁ ကြိမ်မြောက် Baeksang Arts Awards တွင် အကောင်းဆုံး သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ ထို့ပြင် ယင်းဇာတ်လမ်းတွဲသည် လေးကြိမ်မြောက် Blue Dragon Series Awards တွင် ဆု အမျိုးအစား သုံးမျိုးဖြင့် ဆွတ်ခူးခဲ့ပြီး ဒုတိယဇာတ်ဆောင် ချူယောင်းဝူသည် တစ်နှစ်တာ အကောင်းဆုံး သရုပ်ဆောင်ဆုကို ရရှိခဲ့သည်။

လက်ရှိတွင် အတွဲ(၂)နှင့် အတွဲ(၃) ဆက်လက်ရိုက်ကူးရန် ပြင်ဆင်မှုများကို ၂၀၂၅ နှစ်ကုန်ပိုင်းတွင် ပြုလုပ်မည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းများကို ၂၀၂၆ နွေရာသီတွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ *ယမင်း*



ဓာတ်ပုံ – netflix.com

# ကမ္ဘာ့တန်ကြေးအများဆုံး ဘောလုံးအသင်းစာရင်းတွင် ပရီးမီးယားလိဂ်မှ ကလပ်အသင်း အများဆုံးပါဝင်

CIES က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကလပ် တန်ကြေးအများဆုံး အသင်းစာရင်းတွင် ပရီးမီးယားလိဂ်မှ ကလပ်အသင်းအများဆုံး ပါဝင်နေကြောင်း သိရသည်။

အဆိုပါစာရင်းတွင် ပြီးခဲ့သည့် ဘောလုံးရာသီက ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုခဲ့သည့် ချဲလ်ဆီးအသင်းက စုစုပေါင်းတန်ဖိုး ယူရို ၁ ဒသမ ၃၁၄ ဘီလီယံဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး မန်စီးတီး အသင်းက ၁ ဒသမ ၁၂၈ ဘီလီယံဖြင့် အဆင့်နှစ်၊ မန်ယူအသင်းက ၁ ဒသမ ၀၇၁ ဘီလီယံဖြင့် အဆင့်သုံး၊ လီဗာပူး အသင်းက ၁ ဒသမ ၀၆၅ ဘီလီယံဖြင့် အဆင့်လေး၊ အာဆင်နယ်အသင်းက ၁ ဒသမ ၀၁၁ ဘီလီယံဖြင့် အဆင့်ငါးနေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့ပြင် စပါးအသင်းက ယူရို ၉၇၄ သန်းဖြင့် အဆင့်ခြောက်၊ ပီအက်စ်ဂျီအသင်းက ယူရို ၈၇၃ သန်းဖြင့် အဆင့်ခုနစ်၊ ရီးရဲလ်မက်ဒရစ်အသင်းက ယူရို ၈၅၄ သန်းဖြင့် အဆင့်ရှစ်၊ နယူးကာဆယ်အသင်းက ယူရို ၈၁၆ သန်းဖြင့် အဆင့်ကိုး၊ အေတီကိုအသင်းက ယူရို ၅၇၂ သန်းဖြင့် အဆင့် ၁၀ နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိပြီး ပရီးမီးယားလိဂ်မှ ကလပ်အသင်း ခုနစ်သင်း ထိပ်ဆုံးစာရင်းတွင် အများဆုံးပါဝင်ခဲ့သည်။

ယခင်က ထိပ်ဆုံးစာရင်းတွင် ရပ်တည်ခဲ့သည့် မန်စီးတီးအသင်းသည် ဒုတိယနေရာသို့ ရောက်ရှိခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုခဲ့သည့် လီဗာပူးအသင်းက အာဆင်နယ်အသင်းကို ကျော်ဖြတ်၍ အဆင့်လေး နေရာထိ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

*ကျော်ကြီး(Sport)*



ဓာတ်ပုံ – espn.com

# သည်းထိတ်ရင်ဖို "ဗလာစာအုပ်" ဇာတ်လမ်းတွဲ ပြသလျက်ရှိ

CANAL Plus ၏ ကိုယ်ပိုင်ဖန်တီးမှုလက်ရာတစ်ခုဖြစ်သည့် "ဗလာစာအုပ်" အမည်ရှိ စိတ်ကူးယဉ် ထိတ်လန့်ဖွယ် သည်းထိတ်ရင်ဖို ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာလ ၃ ရက်နေ့မှစ၍ MRTV-4 ရုပ်သံလိုင်းတွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အထိ ည ၇ နာရီအချိန်တွင် ထုတ်လွှင့် ပြသလျက်ရှိသည်။

ဇာတ်လမ်းတွင် ကျောင်းသား ကျောင်းသူ ငါးယောက်နှင့် ဆရာ တစ်ယောက်သည် ကျောင်းတွင်းပွဲတစ်ခု အတွက် ညပိုင်းတွင် ပြင်ဆင်နေစဉ် စာကြည့်တိုက်ရှိ ထူးဆန်းသော စာအုပ်တစ်အုပ်ကို တွေ့ရှိခဲ့ရာမှ ၎င်းတို့အားလုံး စာအုပ်ထဲသို့ ရောက်ရှိသွားခဲ့ပြီး စာအုပ်ထဲမှ ပြန်ထွက်နိုင်ရန်အတွက် ပရလောကမှ နာမည်ကြီး ဇာတ်ကောင်များအား အနိုင်ယူရန် ကြိုးပမ်းကြပုံကို စိတ်ဝင်စားဖွယ် ကြည့်ရှုကြရမည်ဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာအောင်မြင့်မြတ်က ရိုက်ကူးထားပြီး ဖုန်းသီရိကျော်၊ နန်းအိန္ဒြေ၊ အောင်ဇေယျမင်းထင်၊ အေးမင်းဟိန်း၊ စွမ်းထက်ညီညီ၊ မာန်နေ၊ ဝမ်ဝမ်း၊ သစ္စာလှမျိုးသဉ္ဇာနွယ်၊ ထက်ထက်ဦးမောင်၊ ကောင်းညိုလင်း၊ အေးမွန်၊ ဟန်ဆက်လူ၊ အောင်မြန်မာနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြသည်။ *လရိပ်မေ*



ဓာတ်ပုံ – facebook.com

**ရွေးကောက်ပွဲနှင့် နိုင်ငံသားတစ်ဦးရဲ့ တာဝန်** *စာမျက်နှာ ၁၁ မှ*

နိုင်ငံရေးသမားအများစုဟာ တက္ကသိုလ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးနဲ့ဆက်စပ်တဲ့ပညာရပ်တွေကို စာတွေ့ကိုယ်တွေ့ တစိုက်မတ်မတ် လေ့လာဆည်းပူးကြတယ်။ မဲဆန္ဒရှင်ပြည်သူတွေ ယုံကြည်ကိုးစားလောက်တဲ့ အရည်အချင်းတွေ၊ စံနှုန်းတွေ မိမိမှာ အထိုက်အလျောက်ရှိပြီလို့ စိတ်ချယုံကြည်ရတော့မှ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြပါတယ်။

**ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်းတွေနဲ့ ရွေးကောက်ပွဲကို ချဉ်းကပ်ရွေးချယ်လေ့ရှိ**

ဒီမိုကရေစီသက်တမ်း နုနယ်သေးတဲ့ နိုင်ငံအချို့က မဲဆန္ဒရှင်တွေကတော့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်းတွေနဲ့ ရွေးကောက်ပွဲကို ချဉ်းကပ်ရွေးချယ်လေ့ရှိပါတယ်။ မိမိတို့နေထိုင်ရာ မဲဆန္ဒနယ်မှာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်လောက်ပဲ စွမ်းဆောင်နိုင်သည်ဖြစ်စေ၊ သင့်လျော်သည်ဖြစ်စေ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေနဲ့ ဥပေက္ခာပြု မေ့လျော့နေတတ်ပါတယ်။

တစ်ချိန်က ဂျပန်နိုင်ငံမှာဆိုရင် ဂျပန်ဒိုင်းယက်လွှတ်တော်မှာ အနားယူသွားခဲ့တဲ့ အမတ်ဟောင်းကြီးတွေရဲ့ သားသမီးမျိုးဆက်အမတ်တွေ၊ ဝန်ကြီးချုပ်တွေနေရာရလာခဲ့လို့ ဂျပန်မှာ အမွေခံနိုင်ငံရေးသမားတွေ ကြီးစိုးနေတယ်လို့ သတင်းစာဆရာတစ်ဦးက ဝေဖန်ရေးသားခဲ့ဖူးပါတယ်။

သို့ဖြစ်၍ လာမယ့်ဒီဇင်ဘာမှာ ကျင်းပမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဒီမိုကရေစီအခြေခံ အုတ်မြစ် တောင့်တင်းခိုင်မာရေးအတွက် မပျက်မကွက် ပါဝင်မဲဆန္ဒပေးဖို့ လိုအပ်ရုံမျှမက အရည်အချင်းပြည့်ဝတဲ့ လူကောင်းလူမွန် လွှတ်တော် ကိုယ်စားလှယ်လောင်းတွေကိုလည်း ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိဆိုတဲ့ အဂတိတရားလေးပါး ကင်းရှင်းစွာနဲ့ လူမှန်နေရာမှန်ဖြစ်အောင် ရွေးချယ်တင်မြှောက်ဖို့ လိုအပ်ပါတယ်။ သို့မှသာ နိုင်ငံသားတစ်ဦးရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

*မောင်ကမ္ဘာ*

# ဥရောပလိဂ်ငါးခုတွင် သွင်းဂိုး ၁၀၀ အမြန်ဆုံးပြည့်မြောက်သည့် ဟယ်ရီကိန်း


ဘိုင်ယန်မြူးနစ်အသင်းနှင့် ဝါဒါဘရီမင်အသင်းတို့ ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့သည့် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၁ ရာစုအတွင်း ဥရောပထိပ်သီးလိဂ်ငါးခုတွင် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၂၃ ခုနှစ်က ရောက်ရှိခဲ့ပြီး အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ယခုပွဲစဉ်အပါအဝင် ပြိုင်ပွဲစုံ ၁၀၄ ပွဲတွင် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့သည်။

ဥရောပထိပ်သီးလိဂ် ငါးခုတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ရန် စီရော်နယ်ဒိုနှင့် ဟာလန်းတို့သည် ပြိုင်ပွဲစုံ ၁၀၅ ပွဲ ကစားခဲ့ရသော်လည်း ဟယ်ရီကိန်းက ပြိုင်ပွဲစုံ ၁၀၄ ပွဲ ကစားခဲ့ပြီး သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့သည်။

*ကျော်ကြီး(Sport)*


ဓာတ်ပုံ – facebook.com

# နျူကလီးယားလောင်စာ အကြွင်းအကျန်များကိုပြန်သုံးမည့် ရုရှား၏ နျူကလီးယားဓာတ်အားပေးစနစ်သစ်


ဓာတ်ပုံ - msn.com

နျူကလီးယားစွမ်းအင် ထိပ်တန်းနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံသည် နျူကလီးယား လောင်စာအကြွင်းအကျန်များကို အကျိုးရှိစွာပြန်သုံးသွားမည့် နည်းပညာပိုင်း ဆန်းသစ်မှုများကို ဆောင်ရွက်နေကြောင်း IAEA ညွှန်ချုပ်နှင့်အတူ ဘယ်လာရုစ်၊ မြန်မာ၊ အာမေးနီးယားနှင့် အခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ကြသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။

နျူကလီးယားလောင်စာသည် လျှပ်စစ်ဓာတ်အားပေးခြင်းနှင့် အခြားကဏ္ဍစုံတွင် အသုံးတည့်သည့်အရာဖြစ်သော်လည်း အသုံးပြုပြီးသား နျူလောင်စာအကြွင်းအကျန်များသည် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်သင့်မှုများဖြစ်နိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် နျူကလီးယားစွမ်းအင်ကို ပိုမိုအသုံးပြုလာကြသဖြင့် လောင်စာအတွက် ယူရေနီယံလိုအပ်ချက်မြင့်မားလာလျက်ရှိသည်။ အနာဂတ်တွင် ယူရေနီယံရှားပါးပြတ်လပ်လာမည်ဖြစ်သည့်အတွက် ယူရေနီယံလိုအပ်ချက်ကိုလျှော့ချနိုင်ရန် အသုံးပြုပြီးသည့် နျူကလီးယားလောင်စာ အကြွင်းအကျန်များကို ပြန်လည်အသုံးပြုနိုင်ရန် လိုအပ်လျက်ရှိသည်။

ကမ္ဘာ့ပထမဆုံးနျူကလီးယားစွမ်းအင်နည်းပညာသစ်သည် အလုံပိတ် စွမ်းအင်လည်ပတ်မှုစနစ်ဖြစ်ပြီး အသုံးပြုပြီးသား နျူကလီးယားလောင်စာ ၉၅ ရာခိုင်နှုန်းကို တစ်ကြိမ်ထက်ပို၍ အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုနည်းပညာကြောင့် ရေဒီယိုသတ္တိကြွအမှိုက်များ စုပုံလာမှုပြဿနာနှင့် ယူရေနီယံ ပြတ်လပ်မှု ပြဿနာနှစ်ရပ်လုံးကို တစ်ပြိုင်တည်း ဖြေရှင်းနိုင်မည်ဖြစ်သည်။

ယခုအစီအစဉ်ကို ၂၀၃၀ ပြည့်နှစ်တွင် တွမ့်ဒေသ၌ စတင်သွားမည်ဖြစ်ပြီး ယခုနည်းပညာသည် နျူကလီးယားစွမ်းအင်နယ်ပယ်၏ ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးနိုင်မည် ဖြစ်သည့်အပြင် ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များအနေဖြင့် ရုရှားနိုင်ငံ၏ နျူကလီးယားနည်းပညာကဏ္ဍတွင် ပူးပေါင်းပါဝင်ကြရန် ရုရှားသမ္မတက ဖိတ်ခေါ်ထားကြောင်း သိရသည်။ *ကျော်ကျော်*

# ဒစ်ဂျစ်တယ် ကျောင်းသုံးဖတ်စာအုပ်များ အသုံးပြုသွားမည့် ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံအစိုးရသည် စာသင်ကျောင်းများ၌ ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကို အသုံးပြုရန် အတည်ပြု ဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်ကြောင်းနှင့် ကနဦးခြေလှမ်းအဖြစ် ၂၀၃၀ ပြည့်နှစ်တွင် မူလတန်းကျောင်းများ၌ စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ကျောင်းဆရာများအနေဖြင့် လက်ရှိအသုံးပြုနေသည့် သမားရိုးကျ ကျောင်းသုံးဖတ်စာအုပ်များနှင့် ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များအကြား မိမိကြိုက်နှစ်သက်သည့်နည်းလမ်းကို ရွေးချယ်သင်ကြားခွင့်ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

သို့သော် ဒစ်ဂျစ်တယ်ဖတ်စာအုပ်များသည် ကျောင်းဆရာများ၊ ကျောင်းသုံးဖတ်စာအုပ်ထုတ်လုပ်သူများအပေါ် ဝန်ပိစေမည်ဖြစ်ပြီး ကျောင်းသားများတွင်လည်း အမြင်အာရုံချို့ယွင်းမှုနှင့် အခြားကျန်းမာရေးပြဿနာများကိုပါ ဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူများကဆိုသည်။ လက်ရှိတွင် ဒစ်ဂျစ်တယ်ကျောင်းသုံးဖတ်စာအုပ်များကို အလျဉ်းသင့်သလို အသုံးပြုလျက်ရှိပြီး စာဖတ်ပြနိုင်သည့် လုပ်ဆောင်ချက်များ ပါဝင်ကြောင်း သိရသည်။ *ကျော်ကျော်*


ဓာတ်ပုံ -asahi.com

# အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လုံးဆိုင်ရာ မွေးမြူရေးကဏ္ဍ ထိပ်တန်းနိုင်ငံဖြစ်လာ


ဓာတ်ပုံ - theeconomist.com

အီတလီနိုင်ငံ၊ ရောမမြို့တွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)က စီစဉ်ကျင်းပသည့် ရေရှည်တည်တံ့သော မွေးမြူရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ညီလာခံတွင် အိန္ဒိယနိုင်ငံအနေဖြင့် ဆန်းသစ်သော မွေးမြူရေးနည်းလမ်းများကို ပြသခဲ့သလို ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ဦးဆောင်သူနိုင်ငံ ဖြစ်လာကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး Shri Rajiv Ranjan Singh က ဆိုသည်။

မွေးမြူရေးကဏ္ဍသည် နိုင်ငံ၏ ကျေးလက် အသက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းနှင့် ယခုပွဲတွင် အိန္ဒိယနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် ရှေ့ဆက်သွားမည့် အနာဂတ်အစီအစဉ်များကို ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း ဝန်ကြီးက ဆိုသည်။

အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး နို့ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး နှစ်စဉ်တန်ချိန် ၂၃၉ သန်းဖြင့် ကမ္ဘာ့ထုတ်ကုန် ၂၅ ရာခိုင်နှုန်းနီးပါးရှိသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး ဥအမျိုးမျိုးထုတ်လုပ်သည့် နိုင်ငံလည်းဖြစ်သည်။

နိုင်ငံတွင်းရှိ ဌာနေမျိုးရင်း ကျွဲနွားများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးရိုးဗီဇများ အဆင့်မြှင့်တင်ခြင်း၊ National Digital Livestock Mission ဖြင့် မွေးမြူရေးတိရစ္ဆာန်များနှင့် ပိုင်ရှင်များအတွက် ဒစ်ဂျစ်တယ် ID စနစ်ကို ဖန်တီးပေးခြင်းတို့ဖြင့် မွေးမြူရေးတောင်သူများကို အကျိုးပြုပေးလျက်ရှိသည်။

အိန္ဒိယ၏ အောင်မြင်မှုသည် တောင်သူများကို အလေးထား အာရုံစိုက်သည့် မူဝါဒများနှင့် တီထွင်ဆန်းသစ်မှုများကြောင့်ဖြစ်ပြီး မွေးမြူရေးကဏ္ဍတိုးတက်မှုသည် ကျေးလက်အိမ်ထောင်စု သုံးပုံနှစ်ပုံနီးပါးနှင့် အသေးစားလုပ်ငန်းတောင်သူဦးရေ သန်းပေါင်းများစွာကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ *ကျော်တင့်(ရွှေခရမ်း)*

# ရောဂါကြီး သုံးမျိုးကိုတိုက်ဖျက်ရန် ဒေါ်လာသန်း ၉၀၀ ကျော် လှူဒါန်းသွားမည့် ကမ္ဘာကျော်သူဌေးကြီး ဘီလ်ဂိတ်စ်


ဓာတ်ပုံ - reuters.com

ကမ္ဘာကျော်သူဌေးကြီး ဘီလ်ဂိတ်စ်သည် သူ၏ဂိတ်စ်ဖောင်ဒေးရှင်းအနေဖြင့် AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါဆိုးကြီးသုံးမျိုးကို တိုက်ဖျက်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေ(Global Fund)သို့ အမေရိကန်ဒေါ်လာ ၉၁၂ သန်း လှူဒါန်းသွားမည်ဟု ကြေညာလိုက်ပြီး အစိုးရများအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးရန်ပုံငွေသို့ ထည့်ဝင်ငွေများကို လျှော့ချဖြတ်တောက်ခြင်း မပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။

ကမ္ဘာကြီးသည် လမ်းဆုံလမ်းခွတွင် ရောက်ရှိနေပြီး ရန်ပုံငွေထောက်ပံ့မှုများ အလွန်အကျွံကျဆင်းသွားပါက ကလေးငယ်သန်းနှင့်ချီ၍ အသက်ဆုံးရှုံးရဖွယ်ရှိသည်ဟု ဂိတ်စ်က ပြောကြားခဲ့သည်။ အမေရိကန်ဦးဆောင်သော ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ရန်ပုံငွေများကို အလွန်အမင်းဖြတ်တောက်လာကြသဖြင့် ယခုကြေညာချက်ထွက်လာခြင်းဖြစ်သည်။ "နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းမှာ ငါးနှစ်အောက်ကလေးသေဆုံးနိုင်ခြေက ၁၅ ရာခိုင်နှုန်းရှိတယ်။ ဒီနှုန်းကို ကျဆင်းသွားအောင်လုပ်နိုင်သလို ဒီလိုဆုံးရှုံးနိုင်ခြေများနေတာက အရေးမကြီးသလို ခင်ဗျားတို့ လုပ်နေမယ်ဆိုလည်း ရတယ်" ဟုဂိတ်စ်ဖောင်ဒေးရှင်း၏ နှစ်စဉ်ကျင်းပသည့် Goalkeepers အခမ်းအနားမတိုင်ခင် အင်တာဗျူး၌ ဂိတ်စ်က ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသည် ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေရန်နှင့် ဆင်းရဲမွဲတေမှုကို အဆုံးသတ်ရေးအပါအဝင် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ၏ တိုးတက်မှုကို အရှိန်မြှင့်ရန် ကြိုးပမ်းသော ပွဲတစ်ပွဲဖြစ်သည်။

ပရဟိတအဖွဲ့အစည်းဖြစ်သော ဂိတ်စ်ဖောင်ဒေးရှင်းသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဆောင်ရွက်မှုများအတွက် ကမ္ဘာ့အကြီးဆုံးရန်ပုံငွေအဖွဲ့တစ်ခုဖြစ်ပြီး မိခင်နှင့်ကလေးငယ်များ၏ သေဆုံးမှုကြိုတင်ကာကွယ်နိုင်ရေး၊ ကူးစက်ရောဂါများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် သန်းပေါင်းများစွာသော ပြည်သူများ ဆင်းရဲမွဲတေမှုလွတ်မြောက်ရေးတို့ကို အဓိကထားလုပ်ဆောင်လျက်ရှိသည်။ *ကျော်တင့်*

# ဒို့ကျေးရွာဗေဒင်

## ၁-၁၁- ၂၀၂၅ မှ ၁၅-၁၁- ၂၀၂၅ အထိ

**ဝင်းမင်း (B.Sc)**



**တနင်္ဂနွေ။** အလုပ်အကိုင် မတည်ငြိမ်၍ ပြောင်းလဲလုပ်ကိုင်ရန် ကြံစည်နေရတတ်သည်။ ကျန်းမာရေး အစာအိမ် လမ်းကြောင်း ပြဿနာ သတိပြုပါ။ အချစ်ရေးစန်းပွင့်၍ လေ့နံ့နှစ်ဖက်နင်းသလို မျိုး ဖြစ်နေတတ်သည်။ အိမ်ထောင်ရေးကံ ကောင်းမွန်နေသော်လည်း မကြာခဏ စကားများနေရတတ်သည်။ ပညာရေးကံကောင်းနေ၍ နိုင်ငံခြားပညာသင်ရန် အခွင့်အလမ်း ပေါ်တတ်သည်။

***ယတြာ။ စေတီတစ်ဆူ၏ မွေးနံထောင့်၌ တနင်္ဂနွေနေ့ နံနက် ၉ နာရီကျော်တွင် အောင်သပြေ ခြောက်ညွန့် ကပ်လှူပေးပါ။***




**တနင်္လာ။** လုပ်ငန်းသင့်တင့်စွာ အောင်မြင်တိုးတက်မှုရှိမည်။ငွေကြေးကံ ကောင်းမွန်၍ သိသာသော တိုးတက်မှုကြုံမည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေး အဆင်မပြေ လမ်းခွဲရန် ဖြစ်လာတတ်သည်။ အိမ်ထောင်ရေးကံ ညံ့နေတတ်၍ အထင်မှားစရာ ကိစ္စများ ကြုံရတတ်ကာ လမ်းခွဲရသည်ထိ ဖြစ်တတ်၍ သတိပြုပါ။ ပညာရေးကံ ကောင်းမွန်၍ ချီးကျူးဂုဏ်ပြုခံရတတ်သည်။

***ယတြာ။ စေတီတစ်ဆူ၏ တနင်္လာထောင့်တွင် တနင်္လာနေ့ နံနက်ပိုင်း၌ တံခွန် အဖြူရောင် ခုနစ်လက် လှူပေးပါ။***




**အင်္ဂါ။** လုပ်ငန်းတွင် ယှဉ်ပြိုင်လုပ်ကိုင်ရမှု များလွန်းခြင်းကြောင့် စိတ်ဖိစီးမှု ကြုံရတတ်သည်။ ငွေကြေးပိုင်း အကျပ်အတည်းအချို့ ကြုံနေရတတ်သည်။ ကျန်းမာရေး အရေပြားရောဂါ သတိပြုပါ။ အချစ်ရေး၊ အိမ်ထောင်ရေးကံ ကောင်းမွန်၍ အဆင်ပြေနေမည်။ ပညာရေး ပုံမှန်အခြေအနေတွင် ရှိနေမည်။ ကြိုးစားသလောက် ခရီးရောက်အောင်မြင်မည်။

***ယတြာ။ စေတီတစ်ဆူ၏ အင်္ဂါထောင့်တွင် မွေးနေ့ ညနေပိုင်း၌ ယပ်အနီ ရှစ်လက် လှူပေးပါ။***



**ဗုဒ္ဓဟူး။** လုပ်ငန်းအဆင်ပြေရုံသာရှိသည်။ ငွေကြေးကံ ကောင်းမွန်၍ အဆင်ပြေနေလိမ့်မည်။ ကျန်းမာရေး ကောင်းမွန်သော်လည်း ခြေ၊ လက် ထိခိုက်အနာတရဖြစ်တတ်ခြင်းမျိုး သတိပြုပါ။ အချစ်ရေး အဆင်ပြေ၍ စန်းပွင့်နေမည်။ အိမ်ထောင်ရေး သာယာပျော်ရွှင်ရတတ်သည်။ ပညာရေး ကြိုးစားသလောက် အောင်မြင်မှု ရတတ်သည်။

***ယတြာ။ စေတီတစ်ဆူ၏ ဗုဒ္ဓဟူးထောင့်တွင် မွေးနေ့ မွန်းလွဲပြီးနောက် ရေသက်စေ့ သပ္ပာယ်ပေးပါ။***



**ကြာသပတေး။** လုပ်ငန်းအောင်မြင်တိုးတက်နေကာ မိတ်သစ်များ တိုးပွားလာတတ်သည်။ ငွေကြေးကံ ပွင့်လန်းနေမည်။ ကျန်းမာရေး ညံ့တတ်၍ သွေးသားရောဂါ၊ အသည်းအဆီဖုံးခြင်းရောဂါ၊ ဆီးချိုရောဂါထဲမှ သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးကံ ကောင်းမွန်၍အဆင်ပြေသာယာနေမည်။ ပညာရေးကံ ကောင်းမွန်၍ ဘွဲ့လွန်အဆင့်မျိုးထိ သင်ယူရတတ်သည်။

***ယတြာ။ ကြာသပတေးနေ့ နံနက်ပိုင်းတွင် စေတီတစ်ဆူ၏ ကြာသပတေးထောင့်၌ စံပယ်ပန်း ငါးကုံး ကပ်လှူပေးပါ။***



**သောကြာ။** လုပ်ငန်း အဆင်ပြေကာ တိုးတက်မှုကြုံမည်။ သို့သော် အခက်အခဲ အကျပ်အတည်းအချို့ ကြုံနေရတတ်သည်။ ငွေကြေးပိုင်း၌ ရစရာရှိသည်များ ထစ်ငေ့ါနှောင့်နှေးနေတတ်သည်။ ကျန်းမာရေး အညံ့ဘက်တွင် ရှိတတ်၍ သတိပြုပါ။ အကြောတက်ခြင်း၊ သွေးတိုးရောဂါ၊ ခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်သည်။ အချစ်ရေးကံ ညံ့နေတတ်သည်။ ပညာရေးကံ ကြိုးစားလိုစိတ်မရှိဖြစ်နေတတ်၍ ဝီရိယထား ကြိုးစားရန် လိုပါမည်။

***ယတြာ။ သောကြာနေ့တွင် စေတီတစ်ဆူ၏ သောကြာထောင့်၌ သစ်သီးခြောက် မျိုးကို ဆွမ်းအဖြစ် ကပ်လှူပေးပါ။***



**စနေ။** စနေသားသမီးတို့ကံအကြောင်းမလှ ဖြစ်နေတတ်သည်။ ကြံစည်လုပ်ကိုင်သမျှ လွဲချော်နေတတ်သည်။ ငွေကြေးကံ မတည်ငြိမ်ဘဲ ယိမ်းယိုင်နေတတ်သည်။ ကျန်းမာရေးတွင် နှလုံး၊ အဆုတ်ရောဂါများ ခံစားရတတ်၍ သတိပြုပါ။ အချစ်ရေးအဆင်ပြေနေတတ်သော်လည်း ကြားလူဝင်နှောင့်ယှက်တတ်သည်။ ပညာရေး ကံညံ့တတ်၍ ကြိုးစားရန်လိုပါမည်။

***ယတြာ။ စနေနေ့မွန်းလွဲပြီးနောက် စေတီတစ်ဆူ၏ စနေထောင့်တွင် ဆီမီး ၁၀ ခွက် နှမ်းဆီဖြင့် ထွန်းညှိပူဇော်ပေးပါ။***

# ပြည်ပသို့ အမျိုးသမီးများကို တရားမဝင် ပို့ဆောင်သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ ဇနီးမယားအဖြစ် ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နေ အမျိုးသမီးတစ်ဦးသည် မန္တလေးတိုင်းဒေသကြီး ရန်ကင်းတောင်ခြေရှိ KTV ဆိုင်တွင် အလုပ်လုပ်ကိုင်စဉ် ခင်မင်ရင်းနှီးခဲ့သူ မအိပြည့်ပြည့်က ဖုန်းဖြင့်ဆက်သွယ်လာပြီး တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် သွားရောက် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ရမည်။ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးမည့် မစိုးစန္ဒာငယ်၊ မအေးမတ်တို့နှင့် တွေ့ဆုံပေးမည်ဟု ပြောဆိုခဲ့သဖြင့် မအိပြည့်ပြည့် ချိန်းဆိုခဲ့သည့် မန္တလေးမြို့ ၁၁၇ လမ်းရှိ တည်းခိုခန်းသို့ သွားရောက်ခဲ့ပြီး အဆိုပါတည်းခိုခန်းတွင် တည်းခိုစရိတ်များသဖြင့် အမရပူရမြို့နယ် ဝဲကြီးဆင်ရွာသို့ ခေါ်ဆောင်ရာတွင် ဖမ်းဆီးရမိသဖြင့် အမရပူရမြို့နယ် မြစ်ငယ်နယ်မြေရဲစခန်းမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အမရပူရ ခရိုင်တရားရုံးမှ မစိုးစန္ဒာငယ်၊ မအိပြည့်ပြည့်နှင့် မအေးမတ်တို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

*ကိုအောင်*

# သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

**မြစ်ရေကြီးခြင်း မကြာခဏဖြစ်ပွားတတ်သည့် ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**

- နေအိမ်အဆောက်အအုံများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊ လှေ၊ ပဲ့ထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး၊ ငှက်ပျောတုံး၊ သစ်တုံးဆောင်ထားရန်၊ လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊ မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့်ပစ္စည်းများကို ပြောပြထားရန်၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်၊

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**

- မိမိတို့မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်း မပြုရန်၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊ ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊ သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဘူးများတွင် သိုလှောင်ရန်၊ အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာတွင် ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊ မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊ မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**

- ရေကို ကျိုချက်သောက်ပါ၊ အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊ လက်နှိပ်ဓာတ်မီးကို အသုံးပြု၍ သွားလာပါ၊ နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီတောင်းခံပါ။

**မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။**

*ကျန်းမာရေးဝန်ကြီးဌာန*

# မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ဒုတိယ ၁၅ ရက်အတွက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ ၇ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၄ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

*မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန*




# စပါးခင်းတွင် သတိပြုသင့်သည့် ဖြုတ်ပိုးအန္တရာယ်

မြန်မာနိုင်ငံတွင် အဓိကကျရောက်လေ့ရှိသည့် စပါးဖြုတ်ပိုးအမျိုးအစား သုံးမျိုးရှိပြီး ယခုကာလ သတိပြုသင့်သည့် စပါးခင်းကို အဓိကဖျက်ဆီးတတ်သော ဖြုတ်ပိုးမှာ ဖြုတ်ညိုနှင့် ဖြုတ်ကျောဖြူတို့ ဖြစ်ကြပါသည်။

## *ကျရောက်သည့်အချိန်*

ဖြုတ်ညိုပိုးသည် အပူချိန် (၂၇-၃၂) ဒီဂရီစင်တီဂရိတ်ကြား၊ စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းနှင့် အထက်ရှိသည့် မိုးဆက်တိုက်ရွာသွန်းသော သို့မဟုတ် မိုးအုံ့ဆိုင်းသော ကာလများတွင် များသောအားဖြင့် ကျရောက် ဖျက်ဆီးတတ်ပါသည်။ အပင်ဦးရေကျပ်ခြင်း၊ လေဝင်လေထွက်နည်းခြင်း၊ နိုက်ထရိုဂျင်မြေသြဇာလွန်ကဲခြင်း၊ စိုက်ခင်းအတွင်း ရေအမြဲရှိနေခြင်း စသည့် အခြေအနေများသည် ဖြုတ်ညိုပိုး ကျရောက်မှုကို အားပေးသော အခြေအနေများ ဖြစ်ကြပါသည်။

## *ဖျက်ဆီးပုံလက္ခဏာများ*

စပါးဖြုတ်ညိုပိုးသည် စပါးပင်၏ ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး မြက်တူပင်တူရောဂါနှင့် စုတ်ပြတ်လိမ်တွန့်ဗိုင်းရပ်စ်ရောဂါများကို ကူးစက်စေပါသည်။ ဖြုတ်ကျောဖြူသည်လည်း ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး စပါးအနက်စင်း ပင်ပုဗိုင်းရပ်စ်ရောဂါကို ကူးစက်စေပါသည်။

## *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

ဖြုတ်ပိုးကျရောက်သော ဒေသများတွင် သက်လျင်(သက်တမ်းတို) စပါးမျိုးကို စိုက်ပျိုးပါ။ မျိုးစေ့နှုန်းထားလျှော့၍ အပင်ဦးရေ ကျဲကျဲစိုက်ပါ။ နိုက်ထရိုဂျင်မြေသြဇာကို စပါးပင်အဓိကလိုအပ်ချိန်များတွင် အလီလီခွဲ၍ကျွေးပါ။ ဖြုတ်ပိုးကျရောက်ပါက မဖြစ်မနေ ရေထုတ်ပေးပါ။ ဖြုတ်ပိုးကျရောက်ရန် အားပေးသော ရာသီဥတုအခြေအနေရှိပါက စိုက်ခင်းကြိုတင်ရေထုတ်ပြီး လေကြောင်းခွဲပေးပါ။ လက်ခံပင်ပေါင်းမြက်များဖြစ်သည့် မြက်မုန်ညင်း၊ ဝမ်းဘဲစာများကို ဖယ်ရှားပါ။ မီးထောင်ချောက်အသုံးပြုပါ။ ပိုတက်ရှ်မြေသြဇာကို မဖြစ်မနေသုံးစွဲပေးပါ။

***ကိုးကား*** – အစိမ်းရောင်လမ်း




## တဖြုတ်ဖြုတ် (Pymetrozine 50% + Nitenpyram 20% WDG)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိ ရေဖျော်ပိုးသတ်ဆေးခဲ**

**အသုံးပြုရန်နှုန်းထား**

စပါး – တစ်ဧကလျှင် (၅၀-၁၀၀) ဂရမ်နှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ (၃)ကြိမ်။
- ဆေးဖျန်းခြားရက် (၇)ရက်။
- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ။
- တစ်ဧကလျှင် (၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ကမ္ဘာတစ်ဝန်းရှိလယ်ယာကဏ္ဍ၌ လူငယ်မျိုးဆက်သစ်များ ပိုမိုပါဝင်လာရန် လိုအပ်နေ


ဓာတ်ပုံ – Bangkokpost.com.

ကမ္ဘာတစ်ဝန်းရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော လယ်သမားများ၏ ပျမ်းမျှအသက်သည် တဖြည်းဖြည်းတိုးလာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက် ၆၀ ခန့်ထိ ရှိလာပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိအလုပ်အကိုင်များ၏ လေးပုံတစ်ပုံခန့်သည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း လူငယ်လုပ်သားအင်အား ကျဆင်းလာပြီး လူငယ်များ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်လာနိုင်ရန် ဆွဲဆောင်နိုင်မှု အားနည်းနေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စီးပွားရေးပညာရှင် Maximo Torero ကဆိုသည်။

ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အသက် ၁၅ နှစ်မှ ၂၄ နှစ်ထိ လူဦးရေ ၁ ဒသမ ၂ ဘီလီယံသည် အလုပ်အကိုင်ရရှိရန် ရုန်းကန်နေရသော်လည်း လယ်ယာလုပ်ငန်းကို ပင်ပန်းဆင်းရဲခြင်း၊ နည်းပညာနိမ့်ပါးခြင်းနှင့် လစာနည်းပါးခြင်းတို့ကြောင့် မြို့ကြီးများနှင့် နိုင်ငံရပ်ခြားတွင် လစာပိုများ၍ အဆင့်အတန်းမြင့်သောအလုပ်များ ရှာဖွေရန် ကျေးလက်ဒေသအား စွန့်ခွာနေကြသည်။

ယခုကဲ့သို့ ရွှေ့ပြောင်းနေထိုင်မှုပုံစံကြောင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများတွင် နေထိုင်သည့် လူငယ်အရေအတွက်သည် တဖြည်းဖြည်းကျဆင်းလာသည်။ ကျေးလက်ဒေသရှိ လူငယ်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအား အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ ပထမရွေးချယ်မှုအဖြစ် ပြန်လည်ပုံဖော်နိုင်ရန် စိုက်ပျိုးရေးသက်သက်သာမဟုတ်ဘဲ စိုက်ပျိုးရေးထုတ်ကုန်များစီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေး၊ လက်လီရောင်းချခြင်းနှင့် အခြားဆက်စပ်သည့် စက်မှုလုပ်ငန်းများတွင် ပါဝင်နိုင်သည့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်လိုအပ်သည်။ အစိုးရများအနေဖြင့် လယ်ယာလုပ်ငန်းခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ရေရှည်တည်တံ့ပြီး ဆန်းသစ်တီထွင်သော လယ်ယာစီးပွားရေးများတည်ဆောက်ရန်နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များတွင် လူငယ်များနှင့် ပိုမိုထိတွေ့ဆောင်ရွက်သွားရန် ကျွမ်းကျင်သူများက တိုက်တွန်းထားသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် ဝင်ငွေနည်းနိုင်ငံများ၌ အခြားကဏ္ဍများထက် ဆင်းရဲမွဲတေမှုလျှော့ချရန် ၂ ဆ၊ ၃ ဆခန့် ပိုမိုထိရောက်မှုရှိသည့် လုပ်ငန်းဖြစ်သည်။ ထို့အပြင် လယ်ယာကုန်ထုတ် စွမ်းအားမြင့်မားလာပါက အာဟာရနှင့် စားနပ်ရိက္ခာဖူလုံရေးကိုပါ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

*တင့်ထွန်း*

# ရေဒီယိုသတ္တိကြွဓာတ်သင့်မြေကြီးကို လျင်မြန်စွာ သန့်စင်ပေးနိုင်သည့် အပင်တုဖန်တီး


ဓာတ်ပုံ – ie.com

တောင်ကိုရီးယားနိုင်ငံ သုတေသနပညာရှင်များသည် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်မြေကြီးကို အချိန်တိုအတွင်း လျင်မြန်စွာသန့်စင်ပေးနိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး အပင်တုတစ်မျိုးကိုအောင်မြင်စွာဖန်တီးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ပညာရှင်များသည် အပင်တစ်ပင်၏ သဘာဝအတိုင်းဖြစ်ပေါ်မှုလုပ်ငန်းစဉ်များကို တုပကာ ဖန်တီးထားခြင်းဖြစ်ပြီး အဆိုပါအပင်တုသည် ရေဒီယိုသတ္တိကြွဓာတ် စီဇီယမ်(cesium) သင့် မြေကြီးကို ရက်ပေါင်း ၂၀ အတွင်း ၉၅ ရာခိုင်နှုန်းအထိ သန့်စင်ပေးနိုင်စွမ်းရှိသည်။ နေရောင်ခြည်၏ စွမ်းအားဖြင့် ပင်စည်မှတစ်ဆင့် မြေဆီလွှာမှ ညစ်ညမ်းသောရေများကို စုပ်ယူသန့်စင်မည်ဖြစ်သည်။ စမ်းသပ်ချက်များအရ အဆိုပါနည်းပညာသည် ပုံမှန်အားဖြင့် လပေါင်းများစွာကြာမြင့်မည့် လုပ်ငန်းစဉ်ကို အချိန်တိုအတွင်း လျင်မြန်စွာ လုပ်ဆောင်နိုင်ပြီး နေရောင်ခြည်စွမ်းအင်ဖြင့်လည်ပတ်နိုင်သဖြင့် လျှပ်စစ်နှင့် ပြင်ပစွမ်းအင်များ မလိုအပ်ကြောင်း သိရသည်။

စီဇီယမ်ဒြပ်စင်သည် ပတ်ဝန်းကျင်အတွက်သာမက ကျန်းမာရေးအတွက်ပါ ကာလရှည်ကြာ ဆိုးကျိုးဖြစ်စေနိုင်သည့် ဒြပ်စင်တစ်မျိုးဖြစ်သည်။ ရေတွင်ပျော်ဝင်လွယ်ပြီး ဂေဟစနစ်များမှတစ်ဆင့် အပင်များနှင့် တိရစ္ဆာန်များကို ဖျက်ဆီးနိုင်သည်။ ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် ဖူကူရှီးမားနျူကလီးယား မတော်တဆမှုဖြစ်စဉ်တွင် Cesium ညစ်ညမ်းမှုများ ပျံ့နှံ့ခဲ့ပြီး စိုက်ပျိုးရေးထွက်ကုန်များနှင့် ပင်လယ်စာများ ထိခိုက်ပျက်စီးခဲ့သည်။

ယခုတီထွင်ဆန်းသစ်မှုသည် နျူကလီးယား မတော်တဆမှုဖြစ်ပွားသည့် နေရာဒေသများ၊ ညစ်ညမ်းနေသည့် စိုက်ပျိုးမြေနေရာများကို သန့်ရှင်းရေးပြုလုပ်နိုင်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍအတွက် အကောင်းဆုံးသောတီထွင်ဖန်တီးမှုတစ်ခုဖြစ်ကြောင်း သိရသည်။ *ကျော်တင့်(ရွှေခရမ်း)*

# ဖိလစ်ပိုင်တွင် သဘာဝဘေးကြောင့် လယ်ယာကဏ္ဍ ဆိုးရွားစွာထိခိုက်

ဖိလစ်ပိုင်နိုင်ငံတွင် ယခုလအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း မီတက်ဂ်နှင့် စူပါတိုင်ဖွန်းရာဂါဆာတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ခန့်မှန်းခြေ ဖိလစ်ပိုင်ငွေ ပီဆို ၁ ဒသမ ၃၈ ဘီလီယံ(ကန်ဒေါ်လာ ၂၄ သန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ အင်အားပြင်းမုန်တိုင်းများကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဒေသကိုးခုတွင် လယ်မြေ ၄၇၇၂၃ ဟက်တာ ပျက်စီးခဲ့ပြီး စိုက်ပျိုးရေးလုပ်သား ၅၅၅၉၅ ဦးခန့် ထိခိုက်ခဲ့ကြောင်းနှင့် ပဏာမခန့်မှန်းချက်များအရ ဆန်၊ ပြောင်း၊ တန်ဖိုးမြင့်သီးနှံများနှင့် မွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှု ၁၀၉၉၉၇ မက်ထရစ်တန်ဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ထို့အပြင် ယခုရက်ပိုင်းအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ အဓိကစိုက်ပျိုးရေးဇုန်များကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် Bualoi မုန်တိုင်းဒဏ်ခံရသောဒေသများမှ ပျက်စီးဆုံးရှုံးမှု စာရင်းများကိုလည်း ဆက်လက်စုဆောင်းလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များသည် နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် အခြေခံအဆောက်အအုံများကို သိသိသာသာထိခိုက်စေပြီး လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းမှုကို အစဉ်ခြိမ်းခြောက်လျက်ရှိသည်။

*ကျော်ကြီး*


ဓာတ်ပုံ – philipinesinformation.com

